# စက်မှုအလင်း ဂျာနယ်

## Beacon of Industry

Vol.3, No.6 - April 30 , 2018 www.industry.gov.mm စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် ငုယင်စွမ်းဖုံ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ဧပြီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

ခရီးစဉ်ကာလအတွင်း မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့်ဆက်သွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ပညာရေး စသည့်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပြည်သူများအကြားအပြန်အလှန်ထိတွေ့ဖလှယ်ရေးနှင့် ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

Source : သတင်းစဉ်

## တောင်သူလယ်သမားအသင်းအဖွဲ့ / အစုအဖွဲ့များအတွက် တန်ဖိုးသင့် Silo ဇယ်များ၊ လယ်ယာသုံးယန္တရားနှင့် စက်အစိတ်အပိုင်းများ ထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်

စာ - ၃



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို

မြန်မာနှစ်ဆန်းတစ်ရက်နေ့ ရောက်တိုင်း ဗုဒ္ဓဘာသာမြန်မာပြည်သူတစ်ရပ်လုံးသည် ကောင်းမြတ်သောပြုဖွယ်ရာများကို ရိုးရာစဉ်လာမပျက် ဆောင်ရွက်လျက်မင်္ဂလာရှိသော နှစ်သစ်ကိုကြိုဆိုကူးပြောင်းလေ့ရှိကြသည်။



မြန်မာသက္ကရာဇ် ၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်နေ့ဖြစ်သော မြန်မာနှစ်ဆန်း ၁ ရက်နေ့အခါသမယ၌ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနားကို စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နှင့် ရုံးအမှတ် (၃၇) နှင့် (၄၁) ကြားရှိ ထီး (၃) လက်ဘုရားကုန်းမြေ၌ ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နှင့်ဇနီးဦးဆောင်သည့် ဝန်ထမ်းမိသားစုများက ပင့်သံဃာဆရာတော်ကြီးများထံမှ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သက်နီးအစရှိသော လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ❑



# စက်မှုဝန်ကြီးဌာန ဝန်ထမ်းများ မဟာသင်္ကြန်အကြိုပွဲ ပျော်ရွှင်စွာဆင်နွှဲ

မဟာသင်္ကြန်အကြိုအဖြစ် စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲကို ဧပြီလ ၁၁ ရက်နေ့ နေ့လယ်မှစ၍ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) ယာဉ်ရပ်နားဝင်း၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့်မိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြသည်။





















သင်္ကြန်အကြိုပွဲတွင် ဝန်ထမ်းများက အဆို၊ အကများဖြင့်ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဝန်ထမ်းများအား အတာရေပက်ဖြန်းပေးကာ အမှတ်တရဆုများကိုမဲဖောက်ပေးခဲ့သည်။

***ဆုမဲကြီးအဖြစ် ပထမဆုကို အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ ကြီးကြပ်ရေးမှူး ဒေါ်ဇင်ဖြူ စာမျက်နှာ ၃ သို့-***

မျက်နှာဖုံးမှ-

# တောင်သူလယ်သမားအသင်းအဖွဲ့/အစုအဖွဲ့များအတွက် တန်ဖိုးသင့် Silo ငယ်များ၊ လယ်ယာသုံးယန္တရားနှင့် စက်အစိတ်အပိုင်းများထုတ်လုပ်ပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်မည်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုတို့သည် ရေတာရှည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင်နှင့်အတူ ဧပြီလ ၁၂ ရက်နေ့ နေ့လယ်ပိုင်းတွင် ***ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၅) အကြီးစားစက်ရုံသို့ရောက်ရှိပြီး*** သီးနှံ (စပါး) သိုလှောင် နိုင်မည့် တန် (၅၀၀) ဆံ့ Silo အ စိတ်အပိုင်းများထုတ်လုပ်ပြီးစီးနေမှုအခြေအနေနှင့် ရခိုင်ပြည်နယ်သို့ ပို့ဆောင်ရန်စီစဉ်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ယင်းသို့ ကြည့်ရှုစစ်ဆေးစဉ် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ထိုင်းနိုင်ငံမှကျွမ်းကျင်ပညာရှင်တို့က Silo အစိတ်အပိုင်းများ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ရခိုင်ပြည်နယ်သို့ ပို့ဆောင်တပ်ဆင်မည့်အစီအစဉ်များ၊ Silo ကိုင်တွယ်မောင်းနှင်အသုံးပြုရန် ဒေသခံများအား လေ့ကျင့်သင်ကြားပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက လိုအပ်ချက်အလိုက် Silo အမျိုးမျိုးထုတ်လုပ်ပေးနိုင်မှုအခြေအနေကို ဖြည့်စွက်ပြောကြားခဲ့သည်။ ယင်းနောက် စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှတာဝန်ရှိသူများသည် ***နိုင်ငံတစ်ဝန်း လိုအပ်ချက်ရှိသောနေရာများသို့ Silo များ ဆက်လက်ထုတ်လုပ်တပ်ဆင်ပေးနိုင်ရေး၊ တောင်သူလယ်သမားအသင်းအဖွဲ့/အစုအဖွဲ့များအတွက် တန် (၅၀) နှင့်တန် (၁၀၀) ဆံ့ တန်ဖိုးသင့် Silo ငယ်များထုတ်လုပ်ပေးနိုင်ရေး၊ လယ်ယာသုံးယာဉ်ယန္တရားနှင့် စက်ပစ္စည်းကိရိယာအစိတ်အပိုင်းများ ထုတ်လုပ်ပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။***

အမှတ် (၁၅) အကြီးစားစက်ရုံမှထုတ်လုပ်လျက်ရှိသော တန် (၅၀၀) ဆံ့ သီးနှံ (စပါး) သိုလှောင်နိုင်မည့် Silo အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှခွင့်ပြုထားသော မောင်တောဒေသ၊ လေးမိုင်ရပ်ကွက်တွင် မကြာမီတပ်ဆင်သွားမည်ဖြစ်သည်။ Silo တည်ဆောက်တပ်ဆင်ပြီးစီးပါက ဒေသခံများအား Silo အသုံးပြုပုံနှင့် ကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းများကိုပါ တစ်ဆက်တည်းလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

---

***စာမျက်နှာ ၂ မှ-***

***ထွေးကလည်းကောင်း၊ ဒုတိယဆုကို အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်းမှ လုပ်သား ဒေါ်သဇင်ကလည်းကောင်း၊ တတိယဆုကို အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ ဒုတိယကြီးကြပ်ရေးမှူး ဒေါ်စန်းစန်းဦးကလည်းကောင်း***






ရရှိခဲ့ကြပြီး တစ်သောင်းတန်ဆုမဲ (၃၀၀) ကိုလည်း မဲဖောက်ပေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများက မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ နို့စိမ်းခေါက်ဆွဲ၊ မုန့်ဟင်းခါး၊ ဖျော်ရည်စုံတို့ဖြင့် စတုဒိသာ တိုက်ကျွေးဧည့်ခံခဲ့ကြောင်းသိရသည်။









# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ စက်ရုံများကြည့်ရှုစစ်ဆေးပြီး နေပြည်တော်မြို့မဈေးတွင် အဆင့်မြင့်ဈေးကား Mobile Mart ဖြင့်ခင်းကျင်းရောင်းချမှုအားကြည့်ရှုအားပေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ဧပြီလ ၇ ရက်နေ့တွင် ***သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၅) အကြီးစားစက်ရုံနှင့် အမှတ် (၂၆) အကြီးစားစက်ရုံတို့အား လည်းကောင်း၊ နေပြည်တော် မြို့မဈေးတွင် အဆင့်မြင့်ဈေးကား*** ***Mobile Mart ဖြင့် ခင်းကျင်းရောင်းချနေမှုအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။***

ပြည်ထောင်စုဝန်ကြီးသည် ***အမှတ် (၁၅) အကြီးစားစက်ရုံသို့*** ရောက်ရှိစဉ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ***Ambulance*** များထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်မောင်တောဒေသတွင် တပ်ဆင်မည့် တန် (၅၀၀) ဆံ့ Silo အစိတ်အပိုင်းများ ထုတ်လုပ်ထားရှိမှုနှင့် ယင်းအစိတ်အပိုင်းများအား တပ်ဆင်မည့်ဒေသသို့ အရောက်ပေးပို့ရန် စီစဉ်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ***အမှတ် (၂၆) အကြီးစားစက်ရုံသို့*** ရောက်ရှိပြီး ***ဂျပန်နိုင်ငံ Naikai Electric ကုမ္ပဏီနှင့်ပူးပေါင်းထုတ်လုပ်ထားသော Mini Hydro Turbine များကို*** ကြည့်ရှုစစ်ဆေးပြီး Turbine များ၏ စွမ်းဆောင်ရည်နှင့်အရည်အသွေးပိုမိုကောင်းမွန်စေရေးနှင့် လက်တွေ့အသုံးချနိုင်ရေးဆောင်ရွက်ရန် မှာကြားခဲ့သည်။





ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ***နေပြည်တော်မြို့မဈေးသို့***ရောက်ရှိပြီး ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ထားသော အဆင့်မြင့်ဈေးကား ***Mobile Mart*** ဖြင့် စက်မှုဝန်ကြီးဌာနထုတ်ကုန်များအား ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုပြီး ဝယ်ယူအားပေးသူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အဆိုပါဈေးကားကို နေရောင်ခြည်စွမ်းအင်သုံးမီးထွန်းစနစ်အသုံးပြု၍ စွမ်းအင်အတွက်ကုန်ကျစရိတ်သက်သာအောင်တည်ဆောက်ထားကြောင်း၊ ယင်းဈေးကားဖြင့် နေပြည်တော်ဝန်းကျင်ရှိ ဈေးများနှင့် ဝန်ကြီးဌာနများသို့ လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထပ်မံထုတ်လုပ်ထွက်ရှိလာမည့် ဈေးကားများဖြင့်လည်း နိုင်ငံတစ်ဝန်းလှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

## Mobile Mart ဖြင့် ဌာနထုတ်ကုန်များ လှည့်လှည်ရောင်းချပေး

စက်မှုဝန်ကြီးဌာန ထုတ်ကုန်များဖြစ်သည့် အဝတ်အထည်၊ ဆေးဝါးနှင့်လူသုံး၊ အိမ်သုံးပစ္စည်းများကို ပြည်သူများလွယ်ကူစွာဝယ်ယူနိုင်ရေးအတွက် ဝန်ကြီးဌာနမှတပ်ဆင်ထုတ်လုပ်သည့် Mobile Mart ဖြင့် နေပြည်တော်ရှိဈေးများ၊ ဝန်ကြီးဌာနများသို့ ပိတ်ရက်မရှိလှည့်လည်ရောင်းချပေးလျက်ရှိသည်။

***'ဝယ်ရတာအဆင်ပြေတယ်။ ဒီကားမှာ အိမ်သုံးဆေးဝါးတွေလည်းပါတယ်။ ကျားဝတ်၊ မဝတ်အကျီ၊ လုံချည်၊ သက်န်း၊ ပလတ်စတစ်ပစ္စည်း တော်တော်လေးကိုစုံတယ်။ ဈေးလည်းသက်သာတော့အားပေးဖြစ်တယ်။ အောင်မြင်ပါစေ'*** ဟု မြို့မဈေးမှဈေးဝယ်အမျိုးသားတစ်ဦးက မှတ်ချက်ပေးသည်။

***'သမီးတို့က အိမ်သုံးဆေးလေးတွေလိုချင်တာ။ နေပြည်တော်မှာက ဆေးဝါးအရောင်းဆိုင်ဖွင့်ထားတာသိပေမဲ့ အဲဒီဘက်ကို မလှည့်နိုင်ဘူး။ အခုရုံးဌာနတွေအရောက် Mobile Mart နဲ့လာရောင်းပေးတော့ လိုချင်တဲ့ဆေးလေးတွေအပြင် တခြားပစ္စည်းတွေပါဝယ်နိုင်တယ်။ ကျေးဇူးတင်ပါတယ်'***ဟု ဝန်ထမ်းအမျိုးသမီးငယ်တစ်ဦးက ပြောသည်။ အဆိုပါ Mobile Mart ဖြင့် အခြားမြို့ရွာများသို့ပါ လှည့်လည်ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။



နေပြည်တော် (မြို့မဈေး) တွင် ရောင်းချပေးစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ရောင်းချပေးစဉ်။



နေပြည်တော် (ပုပ္ပသီရိဈေး) တွင် ရောင်းချပေးစဉ်။

# National MSMEs Master Plan ( 2019-2030) Workshop ဖွင့်

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မတ်လ ၂၉ ရက်နေ့၊ နံနက် ၉ နာရီတွင် ***နေပြည်တော်၊ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပပြုလုပ်သည့် National MSMEs Master Plan ( 2019-2030 ) Workshop ဖွင့်ပွဲသို့*** တက်ရောက်အမှာစကားပြောကြားခဲ့သည်။




ပြည်ထောင်စုဝန်ကြီးက M-SMEs များ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နယ်ပယ်ကျယ်ဝန်းပြီး ကဏ္ဍစုံလင်လှသည့်အတွက် National MSMEs Master Plan ရေးဆွဲရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများနှင့်သက်ဆိုင်ရာ Stakeholder များ၏အတွေ့အကြုံအပေါ် အခြေခံသည့်အကြံပြုချက်များကို ထည့်သွင်းစဉ်းစားပြီး ရေးဆွဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၎င်းတို့၏ဒေသနှင့်ကိုက်ညီသော SMEs Development Road Map များ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ရေးဆွဲမည့်မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များသည် လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အစီအမံများဖြစ်ရန် အရေးကြီးကြောင်း၊ ***SMEs များဖွံ့ဖြိုးရေးသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုမျှော်မှန်းပြီး ဘက်ပေါင်းစုံမှ စဉ်းစားသုံးသပ်၍ Master Plan ကို ရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာသည့် နယ်ပယ်အသီးသီးမှ ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်*** တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် FNF အဖွဲ့အစည်း၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms.Jella Fink က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီခွင့်ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ Master Plan ရေးဆွဲခြင်းအပြင် အခြား SMEs ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်ကူညီပေးသွားမည့်အခြေအနေများကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ASEAN Strategic Action Plan ( 2016-2025 ) နှင့်အညီ Action Plan, Time Line Plan တို့ပါဝင်သော လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် National MSMEs Master Plan ( 2019-2030 ) ရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ OECD အဖွဲ့မှ ASEAN နိုင်ငံများအတွက် သုတေသနပြုထုတ်ပြန်ထားသည့် Myanmar SME Policy Index ( 2014 ) နှင့် Myanmar SME Policy Index ( 2018 ) များ၊ နိုင်ငံတော်မှ SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးပေးလျက်ရှိသည့်အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အေဂျင်စီအဖွဲ့ဝင်များ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ SME Agency အဖွဲ့ဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများနှင့် လုပ်ငန်းရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှကျွမ်းကျင်ပညာရှင်များ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ဆွေးနွေးသည်။

နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သော MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန်နှင့် MSME များသည် GDP တွင် ပါဝင်မှုကဏ္ဍပိုမိုမြင့်မားစေရန်အတွက် အအထောက်အကူပြုမည့်ကော်မတီများဖွဲ့စည်းပြီး အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိသည်။ MSME များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် Institution များ ခိုင်မာစွာဖွဲ့စည်းပြီး လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြားသောအာဆီယံနိုင်ငံများနည်းတူနှစ်အလိုက်တိကျသော ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များပါဝင်သည့် National MSMEs Master Plan ရေးဆွဲနိုင်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲအား ဂျာမနီနိုင်ငံ၊ FNF အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ၂ ရက်ကြာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# ‘မကွေးတိုင်းဒေသကြီးအတွက် SME Action Plan ဖော်ထုတ်ရေးဆွေးနွေး’

မကွေးတိုင်းဒေသကြီးအတွက် SME Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် SME Agency ၊ မကွေးတိုင်းဒေသကြီး SME Agency တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ SME Agency ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မကွေးတိုင်းဒေသကြီး SME Agency ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ SME Agency တွဲဖက်အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမိုးကျော်၊ Agency အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက မကွေးတိုင်းဒေသကြီးအတွင်းရှိ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်သင့်သည်များ၊ Action Plan တွင် ပါဝင်သင့်သည့်အချက်များ၊ ထည့်သွင်းစဉ်းစားသင့်သည်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား (၂) ရက်ကြာ ပြုလုပ်ခဲ့ကြောင်းသိရသည်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရာဘာပစ္စည်းစက်ရုံခွဲ (သဃ်န်းကျွန်း) အား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် တာဝန်ရှိသူများလိုက်ပါလျက် မတ်လ ၃၁ ရက်နေ့၊ နံနက်က ***ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ရာဘာပစ္စည်းစက်ရုံ (သဃ်န်းကျွန်း) သို့*** ရောက်ရှိရာ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးစောအောင်နှင့်စက်ရုံမှူးတို့က စက်ရုံ၏ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှုအခြေအနေ၊ ဝန်ထမ်းရေးရာနှင့် ဘဏ္ဍာရေးအခြေအနေတို့အားတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ စက်ရုံထုတ်ရာဘာပစ္စည်းအစိတ်အပိုင်းများ ခင်းကျင်းပြသထားမှုကိုကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော ***Mobile Mart ယာဉ်*** အားကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ စက်မှုဝန်ကြီးဌာနအနေဖြင့် ***Mobile Mart ယာဉ်များထုတ်လုပ်ပြီး စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းများကိုယာဉ်ပေါ်တွင် ခင်းကျင်းကာ ပြည်သူများအလွယ်တကူ ဝယ်ယူနိုင်ရေးအတွက် ယာဉ်ဖြင့်ဈေးကွက်ရှိသောနေရာများ၊ လူစည်ကားရာ နေရာများ၊ ဈေးများသို့ လှည့်လည်ရောင်းချမည်ဖြစ်ကြောင်းသိရသည်။***

❑

# အမှတ် (၅) နှင့် အမှတ် (၆) စက်မှုသင်တန်းကျောင်းတို့၏ တစ်နှစ်သင်တန်းများဆင်း

နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးရည်ရွယ်ဖွင့်လှစ်သည့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ၏ စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်း၊ အမှတ်စဉ် (၇) သင်တန်းဆင်းပွဲကို ဧပြီလ ၆ ရက်နေ့၊ နံနက် ၉ နာရီတွင် အဆိုပါသင်တန်းကျောင်းရှိ Auditorium ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်တို့တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ နည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းအား ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ သင်တန်းသား၊ သင်တန်းသူ (၁၆၅) ဦးဖြင့် (၁) နှစ်ကြာလေ့ကျင့်သင်ကြားခဲ့ခြင်းဖြစ်ပြီး စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က စံပြကျောင်းသားဆုနှင့် ဘာသာရပ်ထူးချွန်ဆုရရှိသူ သင်တန်းသား



(၃) ဦးကိုလည်းကောင်း၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဦးစောမှတ်ကျော်က ဘာသာရပ်ထူးချွန်ဆုရရှိသူ သင်တန်းသား (၃) ဦးကိုလည်းကောင်း၊ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) ကျောင်းအုပ်ကြီး ဦးသန့်ဇင်က သင်တန်းတက်မှန်ကန်မှုဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

အလားတူ အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) ၌ စက်မှုကျွမ်းကျင် (၁) နှစ်သင်တန်း အမှတ်စဉ် (၄) သင်တန်းဆင်းပွဲကို မတ်လ ၃၀ ရက်နေ့၊ နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

❑

# စက်မှုဇုန်ဥပဒေ (မူကြမ်း) ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

စက်မှုဇုန်ဥပဒေ (မူကြမ်း) ရေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို မတ်လ ၂၈ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁) ၌ကျင်းပပြုလုပ်ခဲ့ရာ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်းတို့မှကိုယ်စားလှယ်များ၊ စက်မှုဝန်ကြီးဌာနမှ ဥပဒေအကြံပေးအပါအဝင် စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက မတ်လ ၂၁ ရက်နေ့က ပထမအကြိမ်စက်မှုဇုန်ဥပဒေ (မူကြမ်း) ရေးဆွဲရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အခန်း (၅) ခန်းအထိ ဆွေးနွေးပြီးဖြစ်၍ ယခုဒုတိယအကြိမ်တွင် သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းအသီးသီး၏ အကြံပြုထားသည့် သဘောထားမှတ်ချက်များနှင့် ကျန်ရှိသောအခန်းများကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများနှင့်စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စက်မှုဇုန်ဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ရန် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များမှ မိမိတို့ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၊ စက်မှုဇုန်များ၏ကိုယ်စားလှယ်များက စက်မှုဇုန်ဥပဒေ (မူကြမ်း) ပါ အပိုဒ်တစ်ခုချင်းအလိုက် ထည့်သွင်းရေးဆွဲပြင်ဆင်ရမည့်အချက်များကို ညှိနှိုင်းဆွေးနွေးကြသည်။ ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူနှင့် စက်မှုဝန်ကြီးဌာန၏ ဥပဒေအကြံပေးတို့က ဆွေးနွေးချက်များကို ဥပဒေနှင့်ညီညွတ်သောအသုံးအနှုန်း၊ အချက်အလက်များဖြစ်စေရန် အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ညနေ ၄ နာရီခွဲတွင်ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

❑

# စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်းအမှတ်စဉ် (၆၅) သင်တန်းဆင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့်မိတ္ထီလာခရိုင်လုံးဆိုင်ရာ ပရဟိတကွန်ရက်အသင်းတို့ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း အမှတ်စဉ် (၆၅) သင်တန်းဆင်းပွဲကို မတ်လ ၂၃ ရက်နေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ဝမ်းတော်ပြည့် တိုးချဲ့ရပ်ကွက်ရှိ Grand Cosmos Hotel တွင်ကျင်းပပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးစောအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မိတ္ထီလာခရိုင်လုံးဆိုင်ရာ ပရဟိတကွန်ရက်အသင်းနာယက ဒေါ်ခင်မှီက ကျေးဇူးတင်စကားပြောကြားကာ မိတ္ထီလာခရိုင်လုံးဆိုင်ရာ ပရဟိတကွန်ရက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်က မိတ္ထီလာမြို့ပြဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မိတ္ထီလာခရိုင် ရဲမှူးကြီးက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေး



အပ်ခဲ့သည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ၊ မန္တလေးတိုင်းစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်လုံးဆိုင်ရာ ပရဟိတကွန်ရက်အသင်း ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ မေထိုက်ဖက်ရှင်ဒီဇိုင်းနှင့် စက်ချုပ်သင်တန်းမှတာဝန်ရှိသူများ၊ နည်းပညာအထက်တန်းကျောင်း (မိတ္ထီလာ) မှ ကျောင်းအုပ်ကြီးနှင့်ဆရာ/ဆရာမများ၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးနှင့်နည်းပြများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး စုစုပေါင်းသင်တန်းသား (၆၀) ဦးတို့ သင်တန်းတက်ရောက်အောင်မြင်ခဲ့ကြသည်။ ***အဆိုပါသင်တန်းတွင် အခြေခံလျှပ်စစ်ပညာသင်တန်းနှင့် အခြေခံစက်ပြင်သင်တန်းကို မတ်လ ၁၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ရက်သတ္တ(၂) ပတ်ကြာသင်ကြားပို့ချခဲ့ကြောင်း*** သိရှိရသည်။

# လုပ်ငန်းများစနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေး ( Business Planning ) ရေးဆွဲနည်းသင်တန်းဖွင့်မည်

စက်မှုဝန်ကြီးဌာနသည် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME ဆိုင်ရာသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်ပို့ချလျက်ရှိရာ တတိယအကြိမ်မြောက် Business Plan Development Training ကို ILO အသိအမှတ်ပြု Trainer များက (၃) ရက်ကြာပို့ချသင်ကြားပေးမည်ဖြစ်သည်။

***အဆိုပါသင်တန်းကို မေလ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ရန်ကုန်မြို့၊ မြန်မာပလာဇာအနီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး*** သင်တန်း၌မိမိဆောင်ရွက်လိုသော စီးပွားရေးအကြံဉာဏ် ( Business Idea ) ကို အောင်မြင်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် မဟာဗျူဟာမြောက်ရေးဆွဲခြင်းအစီအစဉ်များ၊ ဈေးကွက်ရှာဖွေရေးအစီအစဉ် ( Marketing Plan ) ရေးဆွဲခြင်း၊ ဝန်ထမ်းဆိုင်ရာအစီအစဉ် ( Staff Plan ) ရေးဆွဲခြင်း၊ SWOT Analysis ဖြင့် မိမိလုပ်ငန်းကို စိစစ်လေ့လာသုံးသပ်ခြင်း၊ SME Member လျှောက်ထားရာတွင် လိုအပ်သောအချက်များနှင့် SME လုပ်ငန်းရှင်များသို့ ချေးငွေ ( SME Loan) ထုတ်ချေးပေးနေသည့်အကြောင်းအရာများ၊ အလေအလွင့်ဆုံးရှုံးမှုများကို စနစ်တကျထိန်းချုပ်မည့်အစီအစဉ် ရေးဆွဲခြင်း ( Risk Management )၊ လုပ်ငန်းအတွက် အရေးကြီးသောကုန်ကျစရိတ်တွက်ချက်ခြင်း ( Costing ) နှင့် ငွေရေးကြေးရေးစီမံခန့်ခွဲမှု ( Financial Management )၊ ချေးငွေလျှောက်ထားရာတွင် ကောင်းမွန်သည့် ( Business Plan ) တင်ပြခြင်း စသည်တို့ကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

သင်တန်းသားဦးရေ (၃၅) ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပြီး စိတ်ဝင်စားသူများအနေဖြင့် ဒေါ်ရီရီချို၊ ဖုန်း-၀၉-၂၅၆၂၁၆၃၆၅၊ ၀၉-၇၉၅ ၉၅၆၈၁၄၊ ဒေါ်သူဇာမြင့်၊ ဖုန်း-၀၉-၃၁၅၇၉၆၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

# ADB အထောက်အပံ့ဖြင့်ဖွင့်လှစ်သော ကျွမ်းကျင်မှုအခြေပြု ကာလတိုအခြေခံဂဟေဆက်သင်တန်းဆင်း

အာရှဖွံ့ဖြိုးရေးဘဏ် [ ADB/ JFPR ( Japan Fund for Poverty Reduction ) ] အထောက်အပံ့ဖြင့် ( Competency Based Modular Short Course ) ကျွမ်းကျင်မှုအခြေပြု ကာလတိုအခြေခံဂဟေဆက်သင်တန်းဆင်းပွဲအခမ်းအနားကို မတ်လ ၃၀ ရက်နေ့၌ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) တွင်ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဦးကျော်စွာဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး သင်တန်းရေးရာဌာနမှူး ဒေါ်သီသီရှိန်က သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ စက်မှုဇုန်မှကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ နည်းပြများနှင့်သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။ ***ဓာတ်ငွေ့ဂဟေဆက်သင်တန်းတွင် သင်တန်းသား (၁၉) ဦးနှင့် လျှပ်စစ်ဂဟေဆက်သင်တန်းတွင် သင်တန်းသား (၁၁) ဦး၊ စုစုပေါင်း (၃၀) ဦး သင်တန်းဆင်းကြောင်းသိရှိရပြီး အဆိုပါ သင်တန်းသား (၃၀) ဦးသည် မြန်မာနိုင်ငံကျွမ်းကျင်မှု ‘စံ’ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ ( NSSA ) ၏ ကျွမ်းကျင်မှုအဆင့်-၁ ( Level-1 ) အား ဝင်ရောက်ဖြေဆိုခဲ့ရာ သင်တန်းသား (၃၀) ဦး စလုံး NSSA အသိအမှတ်ပြု Level-1 Certificate ရရှိခဲ့ပြီး သင်တန်းကာလမှာ*** ဇန်နဝါရီလ ၈ ရက်နေ့မှ မတ်လ ၃၀ ရက်နေ့အထိ သင်ကြားပေးခဲ့ကြောင်းသိရှိရသည်။




**RESOURCES ARE LIMITED.**
**CREATIVITY IS UNLIMITED.**

# အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် Myanmar Skill Competition 2018 ( Automobile Technology ) ပြိုင်ပွဲပြုလုပ်

၂၀၁၈ ခုနှစ်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ပြုလုပ်မည့် အာဆီယံကျွမ်းကျင်မှုပြိုင်ပွဲ ( ASEAN Skill Competition 2018 ) တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ ( NSSA ) ကကြီးမှူး၍ အလုပ်အကိုင်ကျွမ်းကျင်မှုနယ်ပယ် (၁၂) မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာကျွမ်းကျင်မှုပြိုင်ပွဲ ( Myanmar Skill 2018 ) ပြိုင်ပွဲများကျင်းပ၍ ပြိုင်ပွဲဝင်ရွေးချယ်ခြင်းအား ပြုလုပ်လျက်ရှိရာ ( Automobile Technology ) အတွက် ကျွမ်းကျင်မှုပြိုင်ပွဲအား အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် လက်ခံကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို မတ်လ ၂၈ ရက်နေ့၊ နံနက်ပိုင်းတွင် သင်တန်းကျောင်း Auditorium ခန်းမ၌ ပြုလုပ်ခဲ့ရာမကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုတက်ရောက်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ ပြိုင်ပွဲကြီးကြပ်သူများနှင့် ဒိုင်များ၊ ပြိုင်ပွဲဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မော်တော်ယာဉ်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့်နည်းပြများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။ ပြိုင်ပွဲအား NSSA Automotive Assessment Team မှတာဝန်ယူပြုလုပ်ခြင်းဖြစ်ပြီး နိုင်ငံအတွင်းဒေသအသီးသီးမှပြိုင်ပွဲဝင် (၂၂) ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲမှပြိုင်ပွဲဝင် (၄) ဦးအားရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်၍ နောက်ဆုံးဆန်ကာတင် (၂) ဦးဖြင့် ဘန်ကောက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။



# စက်မှုနှင့်သက်မွေးပညာရှေ့လျှားသင်တန်း အမှတ်စဉ် (၆၇) သင်တန်း အောင်မြင်စွာဖွင့်လှစ်ပြီးစီး

အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) နှင့်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့်သက်မွေးပညာရွေ့လျားသင်တန်းအမှတ်စဉ် (၆၇) သင်တန်းကို မတ်လ ၂၅ ရက်နေ့၊ နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ လားရှိုးတက္ကသိုလ်၌ ပုဂ္ဂလိကကဏ္ဍလူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များချမှတ်ခြင်း နှီးနှောဖလှယ်ပွဲဖွင့်ပွဲနှင့်အတူဖွင့်လှစ်ခဲ့ရာ အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်ညွှန်ကြားရေးမှူးချုပ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ စက်မှု



ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အတွင်းရေးမှူးနှင့်ရှမ်းပြည်နယ်မြောက်ပိုင်း စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ကျောင်းအုပ်ကြီးနှင့်နည်းပြများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့်သင်တန်းသားများတက်ရောက်ခဲ့ကြသည်။ အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၆ ရက်နေ့၊ နံနက် ၈ နာရီ၌ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးမင်းသူက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရှမ်းပြည်နယ်၊ လားရှိုးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာယောဟန်ထွန်းက သင်တန်းတွင်ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကာ သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

သင်တန်းတွင် အခြေခံလျှပ်စစ်ပညာရပ်အား ရှမ်းပြည်နယ်၊ လားရှိုးခရိုင်အတွင်းမှသင်တန်းသား/သင်တန်းသူ (၃၈) ဦးတို့အား စာတွေ့လက်တွေ့ဆွေးနွေးသင်ကြားပို့ချပေးခဲ့ပြီး ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေရေး၊ တည်ဆောက်ပြီးသောဓာတ်အားလိုင်းများအား ထိန်းသိမ်းဆောင်ရွက်နိုင်ရေးနှင့် လျှပ်စစ်အသုံးပြုသောလုပ်ငန်းများဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဆောင်ရွက်နိုင်ရေးအတွက် အဆိုပါသင်တန်းကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

အကြံပေး
ဒေါ်ခင်မာရီ

စာတည်းမှူးချုပ်
ဦးကျော်လှိုင်

ဒုတိယစာတည်းမှူးချုပ်
ဦးနိုင်ဇော်ဝင်း

မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း
ဦးဟိန်းမင်းဇော

စာမျက်နှာအပြင်အဆင်
ဒေါ်ခင်သီတာမိုး

ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

ထုတ်ဝေသူ
ဦးကျော်လှိုင်
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် – ၀၀၅၀၁

ပုံနှိပ်သူ/ပုံနှိပ်တိုက်
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
စောင်ရေ ၄၉၂၅

ဂျာနယ်တိုက်လိပ်စာ
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း – ၀၆၇ – ၄၀၅၀၅၇

E-mail
beaconofindustry@gmail.com

# အပြုံးပန်းတွေဝေဆာစေ ဇေယျာရွှေမြေ

ကိုဖြိုး (တမာမြေ)

***အထည်အလိပ်စက်မှုကဏ္ဍအစပြုရာ***

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်၊ ဆိုရမ်တို ဗီလာစီမံကိန်းဖြင့် သမိုင်းချည်မျှင်နှင့်အထည်စက်ရုံကိုစတင်ထူထောင်ခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ အထည်အလိပ်စက်မှုကဏ္ဍအစဟုဆိုနိုင်သည်။ လွတ်လပ်ရေးပြီးနောက် ၁၉၅၁ ခုနှစ်တွင် စက်မှုလက်မှုဝန်ကြီးဌာနက အထည်အလိပ်လုပ်ငန်း ထုတ်လုပ်မှုစက်ရုံအဖြစ်လည်ပတ်ခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် အထည်အလိပ်ကော်ပိုရေးရှင်းဖွဲ့စည်းထူထောင်၍ အထည်အလိပ်စက်မှုကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် စတင်ဆောင်ရွက်ခဲ့သည်။

စက်မှုဝန်ကြီးဌာနသည် ***'စက်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့'*** ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းအထည်အလိပ်လိုအပ်ချက်အားဖြည့်ဆည်းရန်၊ သွင်းကုန်အစားထိုးဖြစ်စေရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းပိုမိုမြင့်မားလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ပေါက်လာစေရန်၊ ခေတ်မီစက်ကိရိယာများ ကိုင်တွယ်သုံးစွဲပြီး နည်းပညာပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာမြင့်မားလာစေရန်ရည်ရွယ်၍ နိုင်ငံပိုင်အထည်အလိပ်စက်ရုံများကို ထူထောင်ခဲ့ရာ ၁၉၈၈ ခုနှစ်မတိုင်မီကာလတွင် နိုင်ငံပိုင်အထည်အလိပ်စက်ရုံ/စက်ရုံခွဲ (၆၄) ရုံအထိ ရှိလာခဲ့သည်။

***မူဝါဒအပြောင်းအလဲနှင့်ဈေးကွက်***

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ် ဖော်ဆောင်ကျင့်သုံးခဲ့ရာ နိုင်ငံပိုင်အထည်အလိပ်စက်ရုံများအနေဖြင့် ပြည်ပနိုင်ငံများမှတင်သွင်းလာသော အရည်အသွေးမြင့်မားပြီး ဈေးနှုန်းချိုသာသည့်အထည်အလိပ်ထုတ်ကုန်များ၊ ချုပ်ထည်များနှင့်ယှဉ်ပြိုင်ရာတွင် အထည်အလိပ်စက်ရုံများရှိ ရှိရင်းစွဲစက်ပစ္စည်းများ၏ သက်တမ်းကြာမြင့်ခြင်းကြောင့် အရည်အသွေးမီသောအထည်အလိပ်ထုတ်ကုန်များ မထုတ်လုပ်နိုင်ခြင်း၊ ခေတ်မီစက်များနှင့်အစိတ်အပိုင်းများအား အချိန်နှင့်တစ်ပြေးညီ လဲလှယ်တပ်ဆင်နိုင်စွမ်းမရှိခြင်း၊ ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်းတို့ကြောင့် ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ခြင်းမရှိတော့ဘဲ ဈေးကွက်ပျောက်လုမတတ်ဖြစ်ကာ တစ်စတစ်စအရှုံးနှင့်ကြုံတွေ့လာခဲ့ရသည်။

***မူဝါဒပြောင်းလဲဆောင်ရွက်***

ယခုအခါ နိုင်ငံတော်၏ပြောင်းလဲလာသည့် မူဝါဒနှင့်အညီ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်အခန်းကဏ္ဍအားလျှော့ချပြီး ပုဂ္ဂလိကအခန်းကဏ္ဍကိုမြင့်တင်နိုင်ရန် နိုင်ငံပိုင်စက်ရုံများအား ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး EoI ခေါ်ယူခြင်း၊ MoU ရေးထိုးခြင်း၊ AoD ရေးထိုးခြင်း၊ Reliable Partner Group နှင့်ပူးပေါင်းဆောင်ရွက်ခြင်းများ ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ပုဂ္ဂလိကအထည်အလိပ်လုပ်ငန်းရှင်များအနေဖြင့် အခြေခံအဆောက်အဦများ၊ စက်ပစ္စည်းများ ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း စရိတ်စကများလျှော့နည်းသက်သာစေမည့်အပြင် ကျွမ်းကျင်အလုပ်သမားများကိုပါ တစ်ပါတည်းရရှိနိုင်သည့်အခွင့်အလမ်းရှိသော နိုင်ငံပိုင်အထည်အလိပ် စက်ရုံများနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းမှုလျင်မြန်စေမည်ဖြစ်သည်။ ထို့အပြင် ပြည်တွင်းအထည်အလိပ်လုပ်ငန်းအများစုဖြစ်သည့် အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ( SMEs ) အနေဖြင့် လိုအပ်သောကုန်ကြမ်းနှင့်အခြေခံအဆောက်အဦအတွက် ငွေကြေးရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်နိုင်မှုမရှိသေးမီကာလအတွင်း နိုင်ငံပိုင် အထည်စက်ရုံများမှထုတ်လုပ်ပေးသည့် ကုန်ကြမ်းချည်၊ ပိတ်ကြမ်းများကိုအသုံးပြု၍တန်ဖိုးမြင့်ထုတ်ကုန် ( Value Added Products ) များ ထုတ်လုပ်နိုင်ပြီး ပြည်ပသွင်းကုန်အထည်အလိပ်များနှင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်ကြမည်ဖြစ်သည်။

***အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း***

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံပိုင်အထည်အလိပ်စက်ရုံများဖြစ်သည့် စက်စွမ်းအား၊ နည်းပညာနိမ့်ကျနေသော အမှတ် (၃) အထည်စက်ရုံ (စစ်ကိုင်း) ၊ အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) နှင့်ဝါကြိတ်စက်ရုံ (စစ်ကိုင်း) တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Dongqun Textile Group က Developer အဖြစ်ဆောင်ရွက်၍ Textile Related Industrial Cluster တစ်ခုထူထောင်ရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိသည်။ Dongqun Textile Group အနေဖြင့် အဆိုပါစက်ရုံ (၃) ရုံကိုနှစ်ရှည်ငှားရမ်း၍ ရင်းနှီးမြှုပ်နှံရန်ရည်ရွယ်ထားသည်။ အဆိုပါ Dongqun Textile Group သည် တရုတ်နိုင်ငံတွင် ၂၀၀၁ ခုနှစ်မှ စတင်၍ အထည်အလိပ်ဆိုင်ရာ ဖက်ရှင်သုတေသနဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်လုပ်ရောင်းချဖြန့်ဖြူးမှုတို့နှင့်စတင်ခဲ့ပြီး ယခုအခါအထည်အလိပ်၊ ဆေးဆိုးပန်းရိုက်၊ ငှက်မွှေးသွတ်အဝတ်အထည်များ၊ အိမ်သုံးအထည်အလိပ်၊ R & D နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသောအဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။



တပ်ဆင်ထားရှိသည့် အပ်ချုပ်စက်များအား တွေ့မြင်ရစဉ်။



ကနဦးအနေဖြင့် Dongqun Textile Group သည် အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) တွင် အပ်ချုပ်စက်အလုံး (၁၀၀) တင်သွင်းကာ တရုတ်နိုင်ငံမှပိတ်များတင်သွင်းပြီး တရုတ်ပညာရှင်များဖြင့် ပိတ်ဖြတ်ခြင်းနှင့်



တရုတ်ပညာရှင်များက ပိတ်ဖြတ်ခြင်းနှင့်ချုပ်လုပ်ခြင်း သင်တန်းပေးနေစဉ်။

ချုပ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး စက်ရုံရှိ လက်ရှိစက်များကိုအဆင့်မြှင့်တင်ခြင်း၊ လက်ရှိအထည်ချုပ်ဝန်ထမ်း (၁၀၀) ဦးခန့်ကို သင်တန်းပေးခြင်း၊ Export Quality Products အထည် (၂၀,၀၀၀) စမ်းသပ်ထုတ်လုပ်ခြင်းတို့ကိုဆောင်ရွက်ရန်နှင့် Implementation Plan ရေးဆွဲရန်အတွက် ဆွေးနွေးသဘောတူညီမှုစာလွှာ ( AoD ) ကို စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး အမှတ် (၃) အထည်စက်ရုံခွဲ (စစ်ကိုင်း) တွင် တရုတ်ကျွမ်းကျင်ပညာရှင်များဖြင့် သင်တန်းပေးစတင်စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ တစ်ပြိုင်တည်းမှာပင် အပ်ချုပ်စက်အလုံး (၁,၀၀၀) ထပ်မံဖြည့်စွက်ပြီး လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်စီစဉ်လျက်ရှိသည်။ လုပ်ငန်းစတင်ဆောင်ရွက်ခြင်းနှင့်အတူ Labour Law, Emvironmental Conservation နှင့် CSR ကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး Textile Related Industrial Cluster တွင် ပါဝင်မည့်ဟိုတယ်များ၊ အထည်အလိပ်လုပ်ငန်းများနှင့် စက်မှုဥယျာဉ်မြို့တော်တည်ထောင်ရေး စီမံကိန်းနှင့်စပ်လျဉ်းသည့်အချက်အလက်များအား နှစ်ဦးနှစ်ဖက် အသေးစိတ်ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

***အရှုံးထဲကအမြတ်***

စီးပွားရေးတွက်ချေမကိုက်၍ ယာယီပိတ်သိမ်းထားရသော စက်ရုံ/လုပ်ငန်းများအနက် နိုင်ငံပိုင်အထည်အလိပ်စက်ရုံ (၁၁) ရုံလည်း

**စာမျက်နှာ ၁၀ သို့-**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal


စာမျက်နှာ ၉ မှ-

ပါဝင်သည်။ စက်ရုံများရပ်ဆိုင်းရေးစာရင်းတွင် ပါဝင်သည့် စက်ရုံများမှဝန်ထမ်းများအနေဖြင့် စက်ရုံရပ်နားထားရခြင်းကြောင့် ယင်းတို့အား မှီခိုနေရသည့်မိသားစုများအတွက် စားဝတ်နေရေးနှင့်လူမှုရေးပြဿနာများ အနည်းနှင့်အများ ပေါ်ပေါက်လာနိုင်ခြင်း၊ လုပ်နိုင်စွမ်းရည်မြင့်သောလူငယ်များ အိမ်နီးချင်းနိုင်ငံများသို့သွားရောက်၍ အလုပ်ရှာဖွေလုပ်ကိုင်ရခြင်းကြောင့် လုပ်အားဆုံးရှုံးခြင်း၊ စက်များရပ်တန့်ထားခြင်း အချိန်ကြာမြင့်သည်နှင့်အမျှ စက်ပစ္စည်းများ ပျက်စီးခြင်း၊ ဝန်ထမ်းများ၏ကျွမ်းကျင်မှုလျော့ပါးလာစေခြင်း၊ နိုင်ငံတကာအထည်အလိပ် နည်းပညာကျွမ်းကျင်သူများဆုံးရှုံး၍ နည်းပညာ တိမ်ကောပျောက်ကွယ်နိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုမရှိသဖြင့် ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးကျဆင်းစေခြင်း၊ ပြည်တွင်းအထည်အလိပ်လုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းများအား ပြည်ပမှဝယ်ယူတင်သွင်းရသဖြင့် နိုင်ငံခြားငွေသုံးစွဲရခြင်းစသည့် အခက်အခဲနှင့်စိန်ခေါ်ချက်များကို ယခုကဲ့သို့ Textile Related Industrial Cluster ထူထောင်ခြင်းဖြင့် လျော့နည်းသက်သာစေမည်ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းကာ ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသောအထောက်အပံ့ဖြစ်စေမည်ဖြစ်ရာ ဇေယျာရွှေမြေသားတို့အပြုံးပန်းတွေဝေဆာစေမည်ကတော့ သေချာနေပြီဖြစ်ပါကြောင်းယုံကြည်မိပါသည်။



Dongqun Textile Group မှ ထုတ်လုပ်သော ဘောင်းဘီတို/ ရှည်နှင့် စက်ပြင်ဝတ်စုံ

## အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) နှစ်ဦးအလှူတော်နှင့် ဒုလ္လဘရဟန်းခံပွဲကျင်းပ



အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) ၏ (၂၈) ကြိမ်မြောက် စက်ရုံဝန်ထမ်းမိသားစု၏နှစ်ဦးအလှူတော်နှင့် ဒုလ္လဘရဟန်းခံအလှူပွဲကို ဧပြီလ ၁၂ ရက်နေ့တွင် စက်ရုံမှူးဦးဆောင်၍ အရာထမ်း၊ အမှုထမ်းများစုပေါင်းကာ စက်ရုံရတနာထူပါရုံကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

အလှူတော်တွင် ဝန်ထမ်း (၁၀) ဦးအား ဒုလ္လဘရဟန်းခံခြင်း၊ ပင့်သံဃာများအား နေ့ဆွမ်းနှင့်ဝတ္ထုငွေများဆက်ကပ်ခြင်း၊ ဧည့်ပရိသတ်များ၊ စက်ရုံဝန်ထမ်းများအား မုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းခြင်းများပြုကြပြီး ဆရာတော်များထံမှ ငါးပါးသီလဆောက်တည်၍ အန္တရာယ်ကင်းပရိတ်တရားတော်နှင့် အနုမောဒနာတရားတော်များနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**ခိုင်ဝင်း (ဘီ-၂)**

## မဟာသင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲကျင်းပ

**မင်းထွဏ်း**

မြန်မာ့ဆေးဝါးလုပ်ငန်း (အင်းစိန်) ၏ မဟာသင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲကို ဧပြီလ ၁၂ ရက်နေ့၊ နံနက် ၇ နာရီက ဆေးဝါးစက်ရုံ (အင်းစိန်) တွင်ကျင်းပရာ စက်ရုံမှူးနှင့်ဝန်ထမ်းများအပါအဝင် ၎င်းတို့၏မိသားစုများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ပုံ)**




အဆိုပါမဟာသင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲတွင် ဝန်ထမ်းများ၏ယိမ်းအကအဖွဲ့ပြိုင်ပွဲထည့်သွင်းကျင်းပ၍ ဆုများပေးအပ်ခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း နှင့် The Colour Music Band နှင့်တွဲဖက်၍ တေးသံရှင်များဖြစ်သည့် ဂရေဟမ်၊ L လွန်းဝါ၊ ပန်းရောင်ခြယ်၊ ချမ်းချမ်း၊ နေနေတို့၏ဧည့်ခံဖျော်ဖြေမှုများဖြင့် ဝန်ထမ်းများပျော်ရွှင်စွာဆင်နွှဲခဲ့ကြသည်။

ထို့အပြင် ဧပြီလ ၁၁ ရက်နေ့၊ ညနေပိုင်း၌လည်း ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဆယ်တော်မူကျောင်းတိုက် ရွှေလင်းယုန်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူကာ နှစ်သစ်ကူးအကြိုဓမ္မသဘင်ဆင်ယင်ကျင်းပခဲ့ကြပြီး ဓမ္မပူဇာအလှူတော်ငွေကျပ်သိန်းနှစ်ဆယ်နှင့်တစ်သောင်းအား ဆရာတော်ကြီးထံ လှူဒါန်းနိုင်ခဲ့ကြောင်းသိရသည်။ အလားတူ ဆေးဝါးစက်ရုံ (ကျောက်ဆည်) တွင်လည်း စက်ရုံမှူးဦးစီး၍ ဝန်ထမ်းများက သင်္ကြန်ကြိုဆိုပွဲကို ပျော်ရွှင်စွာဆင်နွှဲခဲ့ကြကြောင်း သိရှိရသည်။ **(ပုံ)**



## ချင်းတောင် တောင်ယာစိုက်စီးပွားဖြစ် ချင်း (ဂျင်း) များ လှိုင်လှိုင်ပေါ

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်နှင့် ဟားခါးမြို့နယ်အတွင်း စိုက်ပျိုးထွက်ရှိသည့်ချင်းများ လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူသူများပြားနေသည့်အတွက် ချင်းတောင်ချင်းစိုက်ပျိုးသူတောင်သူတို့ ယခင်နှစ်ရှုံးကြွေးကျေ၍ အမြတ်ကျန်အဆင်ပြေကြောင်းကို ဟားခါးမြို့နယ်၊ ချွန်ကျုံးချင်းစိုက်တောင်သူ ဦးတပ်နှင်းကပြောသည်။

ချင်းပြည်နယ်တွင် ချင်းကို ဟားခါးမြို့နယ်၊ ချွန်ကျုံးရွာနှင့်ဖလမ်းမြို့နယ် ဘားလုံ၊ ဘွဲလ်ခွား၊ လုံဟောနှင့်ရိဒ်-ဖလမ်းကားလမ်းဝဲယာတစ်လျှောက်တွင် စီးပွားဖြစ်စိုက်ပျိုးမှုရှိပြီး ချင်းတောင်ထွက်ချင်းကို ကလေးမြို့ဈေးကွက်မှတစ်ဆင့် မုံရွာ၊ မန္တလေးဈေးကွက်များသို့ တင်ပို့ရောင်းချကြောင်းသိရသည်။

ချင်းပြည်နယ်တွင် သီးနှံစိုက်ပျိုးသည့်မြေဧကပေါင်း (၂၂၇,၆၈၈) ရှိရာ တောင်ယာသီးနှံ (၁၇၂,၃၉၉)



ဧက နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ဥယျာဉ်ခြံမြေ (၁၅,၉၄၂) ဧက၊ ကိုင်းကျွန်း (၅,၀၅၄) ဧက၊ ယာ (၅,၃၆၀) ဧက၊ လယ် (၂၈,၉၃၃) ဧကစိုက်ပျိုးမှုရှိကြောင်းကို ချင်းပြည်နယ်စိုက်ပျိုးရေးဌာန၏ ထုတ်ပြန်သောသတင်းများအရသိရပြီး ချင်းပြည်နယ်၊ ဟားခါးမြို့နယ်နှင့်ဖလမ်းမြို့နယ်တို့မှ နှစ်စဉ်ချင်းပိသာချိန် သိန်းချီထွက်ကြောင်းသိရကာ ယခုရက်ပိုင်းအတွင်း ဖလမ်း၊ ဟားခါးဒေသများတွင် ချင်းတစ်ပိဿာလျှင် ကျပ် ၆၀၀ မှ ၈၀၀ အထိနှင့် ကလေးဈေးကွက်တွင် ချင်းတစ်ပိဿာလျှင် ကျပ် ၁,၂၀၀ ဝန်းကျင် အရောင်းအဝယ်ဖြစ်နေသည်။

ယခင်နှစ်များက ချင်းပြည်နယ်ချင်းစိုက်ကျေးရွာတွင် ချင်းတစ်ပိဿာကျပ် ၄၀၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ပြီး ဈေးကွက်တွင် တစ်ပိဿာကျပ် ၅၀၀ ဝန်းကျင်သာ အမြင့်ဆုံးရရှိခဲ့ကြောင်းသိရသည်။

**ချမ်းငယ်**

❑

## ပုစွန်မွေးမြူရေးသင်တန်းဆင်း (၁၄၀) ဦးကို အလုပ်ခန့်ရန်စီစဉ်


၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့အထိ အသုံးချငါး၊ ပုစွန်မွေးမြူရေးသင်တန်းအမှတ်စဉ် (၁) တွင် ငါးလုပ်ငန်းအဖွဲ့ချုပ်က သင်တန်းသား၊ သင်တန်းသူ (၁၇၁) ဦးကို စာတွေ့၊ လက်တွေ့ သင်တန်းကြေးအခမဲ့နှင့်ထောက်ပံ့ကြေးများ ပေးအပ်၍ပို့ချပေးခဲ့ပြီး ယင်းသင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူ (၁၇၁) ဦးအနက်မှ အလုပ်သင်ဝန်ထမ်းအဖြစ်လုပ်ကိုင်ရန် လာရောက်လျှောက်ထားကြသည့် သင်တန်းသား/သူ (၁၄၀) ဦးကို အလုပ်ပြန်လည်ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှသိရသည်။

အဆိုပါ အလုပ်သင်ဝန်ထမ်းလျှောက်ထားသူများအား ယုဇနကုမ္ပဏီ၊ ဝါဝါဝင်းကုမ္ပဏီနှင့်အခြားကုမ္ပဏီများမှ အင်တာဗျူးလုပ်ဆောင်ပြီး လုပ်ငန်းခွင်အတွင်းထည့်သွင်းခန့်အပ်သွားရန်ဖြစ်သည်။

ဝန်ထမ်းခန့်အပ်ရာတွင် ကျွမ်းကျင်ဝန်ထမ်းကို လစာကျပ်နှစ်သိန်း၊ ကြီးကြပ်ဝန်ထမ်းကို လစာကျပ်သုံးသိန်း၊ ဘွဲ့ရမွေးမြူရေးဆရာကို လစာကျပ်လေးသိန်းဖြင့် ခန့်အပ်သွားမည်ဟု သိရသည်။

**အမရာခိုင်**

## ငါးရုံ့ခြောက်များ အတုပေါ်



မနှစ်တုန်းက ကြေးမုံသတင်းစာထဲမှာ ငါးပြေမအတုသတိပြုဆိုတဲ့ သတင်းဆောင်းပါးတစ်ပုဒ် ပါခဲ့ဖူးသည်။ ထိုင်းဘက်ကနေ အောက်လိုင်းကသွင်းလာတဲ့ ထိုင်းငါးပြေမ အမှတ်မထင်ကြည့်ပါက ပျဉ်ပုံဘက်ကလာတဲ့ လက်ဝါးလောက်ပျဉ်ပုံငါးပြေမကြီးများနှင့် ပုံ မှားရိုက်ရောင်းခဲ့ကြသည်။

မြန်မာ့ငါးပြေမနဲ့ ယှဉ်ကြည့်ပါက အရောင်နဲ့ခန္ဓာကိုယ်ကွာခြားနေသည်။ ယခုလတ်တလောပြဿနာက ငါးရုံ့ခြောက်အတုပင်ဖြစ်သည်။

ငါးမြစ်ချင်းကို ငါးရုံ့ခြောက်ပုံသဏ္ဍာန်ခွဲပြီး ငါးရုံ့ခြောက်အသွင်ရောင်းချနေကြခြင်းပင်ဖြစ်သည်။ ယင်းငါးမြစ်ချင်းခွဲ ငါးရုံ့ခြောက်များကို ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ပိုးရောင်းချကြရာ အသေအချာမစစ်ဆေးပါက ငါးရုံ့ခြောက်ဟုသာထင်ကြမည်။ အတုအစစ်ကိုခွဲခြားလိုပါက အမြီးဖျားကို ဦးစွာကြည့်ရမည်။ ငါးရုံ့ရဲ့အမြီးက ထိပ်ဝိုင်းပုံအမြီးဖြစ်ပြီး ငါးမြစ်ချင်းအမြီးက ခက်ရင်းခွပုံနှစ်ခွဖြစ်သည်။

ငါးရုံ့ခြောက်အစစ်က အမြီးဝိုင်းသဏ္ဍာန်ရှိထားပြီး အမြီးဖျားကိုခုတ်ထားပါက ငါးမြစ်ချင်းခွဲထားသည့်ငါးရုံ့ခြောက်အတုပင်ဖြစ်သည်။ ပုံတွင်ဖော်ပြထားသည့် ငါးရုံ့ခြောက်ပုံမှာ ငါးမြစ်ချင်းကိုခွဲ အမြီးကိုခုတ်ပယ်ထားသည့် ငါးရုံ့ခြောက်အတုဟုဆိုသည်။ ယင်းပုံမှားရိုက်ထားသည့် ငါးရုံ့ခြောက်များကို ခရီးသွားများအား ရောင်းချလေ့ရှိသည်။ အထူးသဖြင့် ငါးရုံ့ခြောက်လှိုင်လှိုင်ထွက်သော မြို့နယ်ဒေသများတွင် တွေ့ကြုံရတတ်ကြောင်း သိရသည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများအား
၀၉၇-၄၀၅၀၅၇၊ ၀၉၇-၄၀၅၄၂၉ သို့
ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

## နိုင်ငံခြားခရီးသွား (၃၀၀) ခန့် နွယ်ငြိမ်းစဉ့်လုပ်ငန်းသို့ လေ့လာ

ရွှေဘိုခရိုင်၊ ကျောက်မြောင်းမြို့နယ်ခွဲ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းသို့ နိုင်ငံပေါင်း (၉) နိုင်ငံမှ နိုင်ငံခြားသားခရီးသွားဧည့်သည်ပေါင်း (၃၀၀) ခန့် လာရောက်လေ့လာကြောင်းကို ကျောက်မြောင်း Community Based Tourism ( CBT ) လုပ်ငန်း၏အတွင်းရေးမှူး ဦးဌေးဇော်လွင်၏ ပြောပြမှုအရသိရသည်။

ယင်းခရီးသွားဧည့်သည်တို့သည် ကျောက်မြောင်းစဉ့်လုပ်ငန်းသို့ ယခုလပိုင်းအတွင်း အပျော်စီးသင်္ဘော (၂၅) စင်းဖြင့် နိုင်ငံပေါင်း (၉) နိုင်ငံမှ ဧည့်သည် (၂၉၂) ဦးလာရောက်လေ့လာသွားခြင်းဟုဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရပ်ရွာအခြေပြုလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျောက်မြောင်း CBT ကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့က နွယ်ငြိမ်း၊ ရွှေဂွန်၊ ရွှေတိုက်၊ ဖလား၊ မခေါက်ကျေးရွာ ငါးရွာကို အခြေပြုကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒေသသို့ သင်္ဘောဆိုက်ကပ်လာပါက ဧည့်ကြိုကောင်တာများပြင်ဆင်ထားခြင်း၊ သင်္ဘောဆိုက်ကပ်ပြင်ဆင်ထားခြင်း၊ CBT နယ်နိမိတ်အတွင်း ရှေးဟောင်းပစ္စည်းများပြသထားခြင်း၊ စဉ့်လုပ်ငန်းလုပ်ကိုင်ပုံအဆင့်ဆင့်ပြသထားပြီး ဇုန်ဝင်ကြေးကောက်ခံခြင်းမရှိဘဲ သင်္ဘောတစ်စင်းလျှင် CBT ဝင်ကြေးသုံးသောင်းကျပ်သာ ကောက်ခံကြောင်း ကျောက်မြောင်း CBT အတွင်းရေးမှူး ဦးဌေးဇော်လွင်ကပြောသည်။

**မျိုးလှိုင်ဝင်း**

# 'ခိုင်မြဲမေတ္တာ'

✍ ရှင်ထွေး


'ရဲရွာ' အင်ဂျင်နီယာ ကျောင်းဆင်းပြီးစ စတင်တာဝန်ထမ်းဆောင်ခဲ့သည့်နေရာ၊ တစ်နည်းအားဖြင့် (Carrier Life ) ဘဝကို ပုံသွင်းထုဆစ်ခဲ့သည့်နေရာမို့ အမှတ်တရများစွာရှိခဲ့သည်။ ၂၀၁၅ ခုနှစ်မှာ စုလေးမွန် မေမြို့အလည်ရောက်တော့ မြေပြန့်စားသောက်ဆိုင်မှာ တစ်ထောက်နားရင်း အတိတ်ကိုလှမ်းမျှော်ကြည့်မိသည်။ 'သောက်တော့ ရေသန့်၊ စားတော့ မြေပြန့်' ဟု ရဲရွာသားတို့အကြွားပိုခဲ့ကြသည်လေ။ ဒုဋ္ဌဝတီဆီတော့ မရောက်ဖြစ်ခဲ့။ ၂၀၁၈ ခုနှစ်၊ မေမြို့ခရီးတစ်ခေါက်မှာ တော့ ၇ မိုင်စခန်းသာဝင်ရင်း ဒုဋ္ဌဝတီကိုနှုတ်ခွန်းဆက်ခွင့်ကြုံရပြီ။

'ရဲရွာ' သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်အတွင်း တည်ရှိပြီး ရှမ်းပြည်နယ်မှစီးဆင်းလာသော ဒုဋ္ဌဝတီ (ခေါ်) မြစ်ငယ်မြစ်ကို အမှီပြု၍ တည်ဆောက်ထားသည့် မြန်မာနိုင်ငံ၏အကြီးဆုံးရေအားလျှပ်စစ်စီမံကိန်းကြီးဖြစ်ပါသည်။

တောင်တွေမိုးကာထားသည့် ဖုန်တလုံးလုံးမြေလမ်းကလေးမှာ ခုတော့အခိုင်အမာ ကွန်ကရစ်ခင်းလျက်၊ ကျွဲနဖားတောင်ခြေရှိ အုန်းချောကျေးရွာမှာလည်း အိမ်ခြေများစွာတိုးလာခဲ့သည်။ ၇ မိုင် ရေကစားစခန်းမရောက်မီ ၃ မိုင်၊ ၅ မိုင် အပန်းဖြေစခန်းသာတို့ဖြင့် လမ်းတစ်လျှောက် အဆောက်အဦတွေတန်းစီကာ အိမ်ခြေမပြတ်တော့။ ၇ မိုင်စခန်း၏ ဟိုဘက်တွင်လည်း ဒီးဒုတ်ရေပြာအိုင်စခန်းရှိသေးသည်။ ဒီးဒုတ်စခန်းမှ အတွင်းဘက်ပို၍ကျသောနေရာတွင် ရဲရွာရေလှောင်တမံတည်ရှိပါသည်။ အုန်းချောမှ ၇ မိုင်စခန်းကားလမ်းဘေးတစ်လျှောက်တွင်တော့ တိုးတက်ထွန်းကားမှုနှင့်အတူ အမှိုက်တွေလည်း အများအပြားတွေ့လာရသည်။

'ခရီးသည်များခင်ဗျား၊ မကြာမီ ၇ မိုင်စခန်းကို ရောက်ပါတော့မယ်' စုလေးမွန်တို့ အဖွဲ့လိုက်ငှားလာခဲ့သည့် ရွှေမန်းသူကားပေါ်မှ ကြေညာသံနှင့်အတူ ကားအကွေ့မှာတွေ့လိုက်ရသည်က သွင်သွင်ငြိမ့်ငြိမ့်စီးဆင်းနေသည့် ဒုဋ္ဌဝတီရယ်ပါ။ အချိန်တွေကြာသည်နှင့်အမျှ အသက်တွေကြီးကာ အိုမင်းရင့်ရော်လာခဲ့သလို ငယ်စဉ်ကဒုဋ္ဌဝတီသည်လည်း ပြောင်းလဲလာခဲ့သည်။ တစ်ချိန်က ဒေသနှင့်တူတာဆို၍ ကျောက်မှုန့်များဖြင့် ဖုန်တထောင်းထောင်းထနေတာသာရှိတော့သည်။ ရင်ကိုငြိမ်းချမ်းအေးမြစေသော သဘာဝအလှများ၊ လုပ်ငန်းခွင်ဝင်ရင်း ပျော်ရွှင်ခဲ့ရသည့် ပတ်ဝန်းကျင်သည် ခုတော့ သူစိမ်းပြင်ပြင်။ 'ဒုဋ္ဌဝတီရေ နောက်ကျိကျိ၊ သောက်မိလျှင် တစ်ခေါက်ပြန်လာရသည်' တဲ့။ ရောက်ခါစ သောက်စရာရေသန့်မှာမရ၍ မြစ်ရေကိုပင် ရေနွေးကျိုသောက်ခဲ့ရသည့် အမှတ်တရများကို မမေ့နိုင်ခဲ့။

တောတောင်လျှိုမြောင်စိမ့်စမ်းတို့ဖြင့် ဆွတ်ပျံ့ဖွယ်ရဲရွာဒေသကို ရောက်ဖူးသူတိုင်း မမေ့နိုင်ကြပေ။ လန်းဆန်းသည့်သဘာဝအလှနှင့် ကျောက်သားများကြားမှ စိမ့်ကျနေသည့် ရေထွက်များ၊ သစ်ခွပန်းပင်များဖြင့် သာယာအေးချမ်းလှသည်။ ထိုသို့ အေးချမ်းလှသည့်သဘာဝအလှကို ပထမဆုံးထိတွေ့နိုင်ရန်အတွက် ရန်ကုန်မှရဲရွာခရီးစဉ်လေး ဖန်တီးဖြစ်တည်ခဲ့သည်မှာ . . . ။




စုလေးမွန်သည် YTU မှ BE ဘွဲ့ရပြီး Study Guide တွေ လိုက်သင်ပေးနေရသူမို့ နိုင်ငံခြားမှာကျောင်းသွားတက်ကြမည့် သူငယ်ချင်းများနှင့် အဆက်အသွယ်ဝေးသွားခဲ့သည်။ Guide သင်ရင်း အလုပ်ဝင်နိုင်ရန် ကြိုးစားနေချိန်မို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့မူ မကြာခဏရောက်ဖြစ်လေသည်။ အသင်းမှာ အလုပ်ကြော်ငြာတွေ့တော့ နောက်ဆုံးရက်မှ IBC မှာ တစ်ဦးတည်းပဲ Form သွားတင်ဖြစ်ခဲ့သည်။ ပထမ Personal interview, Essay ရေးဖြေတို့ ဖြတ်သန်းပြီးနောက် Second Interview တွင်-

'လူတစ်ယောက်မှာ အရေးကြီးဆုံးက ဘာလဲ။ ရိုးသားမှုနဲ့ အရည်အချင်း၊ အလုပ်ခန့်ရင် ရဲရွာကိုသွားရမှာနော်။'

'ဟုတ်ကဲ့'

'Auto CAD ရတယ်ဆိုတော့ ရုံးချုပ်မှာနေမလား။'

'Site ထဲပဲ ဆင်းချင်ပါတယ်။'

အဆိုပါအမေးအဖြေတို့ဖြင့် အလုပ်တစ်ခုရခဲ့သည်။

'ကုမ္ပဏီက ခိုင်ရဲ့လား။'

'အင်း၊ ကွန်ကရစ်ဆိုတော့ ခိုင်မှာပေါ့။'

'IBC မှာ Interview တော့ Hi Boss ဖြစ်မှာပဲ။'

'Reception ဧည့်ကြိုလေးတွေ ချောတယ်'

Second Interview အတွက် စောင့်ဆိုင်းရင်း ဝိုင်းဖွဲ့ပြောဆိုမိကြရာမှ ဖြူဖြူသင်း၊ ကံလင်းနိုင်၊ မြင့်မောင်မောင်၊ အောင်ကိုလတ်၊ ဇေယျာဦးတို့နှင့်ခင်မင်ခဲ့ရသည်။ သူတို့အဖွဲ့ အင်းလျားကန်စပ်ရှိ IBC အဆောက်အဦ၊ သာကေတနှင့်ရွှေပြည်သာရှိ ကွန်ကရစ်ဖျော်စက် Plant တို့တွင် တစ်လတာ သင်တန်းအတူတက်ခဲ့ကြရသည်။

'ကြံသကာနဲ့ မွှေးတယ်နော်။'

'ဟုတ်တယ်။ ကွန်ကရစ်ပို့တဲ့နေရာဝေးရင် ချက်ချင်းခဲမသွားအောင် Chemical ထည့်ရတယ်။ အဲဒီ Chemical ဓာတ်ကူပစ္စည်းရဲ့အနံ့ပဲ။ လတ်တလောကွန်ကရစ်မခဲသွားအောင် သုံးစရာမရှိရင် သကြားကိုသုံးလို့ရတယ်။'

သင်တန်းတွင် စုတို့ကိုဆရာက သေသေချာချာရှင်းပြပြီး Batching Plant နေရာအနှံ့လိုက်ပြသည်။ Dry Mix ၊ Wet Mix စသည့်ကွန်ကရစ်ဖျော်နည်းများနှင့်အတူ ကွန်ကရစ်ပို့သည့် 'Agitator Truck ( AG )' ကို လေ့လာရင်း စုတို့အဖွဲ့က အလွယ်တကူပင် 'အုန်းမွှေးလုံး' ဟု နာမည်ပေးလိုက်ကြသည်။ ကောင်လေးတစ်ယောက်က 'အုန်းမွှေးလုံး' လည်နေရခြင်းကို ထမေးရာ အားလုံးဝိုင်းရယ်ကြသော်လည်း ဆရာကစိတ်ရှည်စွာ ရှင်းပြသည်။ AG များသည် Site သို့အသွားတွင် ကွန်ကရစ်မခဲအောင်ဖြည်းညှင်းစွာ လှည့်နေသော်လည်း ကွန်ကရစ်ပို့ပြီးအပြန်တွင်မူ လည်မနေတော့ပါ။ နောင်တွင် AG များကိုကြည့်၍ ကွန်ကရစ် ပါ/မပါ စုတို့အလွယ်တကူ ခွဲခြားနိုင်ခဲ့လေသည်။

တစ်လတာ သင်တန်းပြီးဆုံးချိန်တွင် စုတို့တွေ ရန်ကုန် IBC စုရပ်မှ Express ကားကြီးဖြင့် ရန်ကုန်-ပြည် -မန္တလေး ဧရာအနောက်ကားလမ်းတစ်လျှောက် ခရီးနှင်ခဲ့ကြသည်။ ပုပ္ပါးတွင် ခရီးတစ်ထောက်နားကာ Pozzolan စက်ရုံကိုလေ့လာ၍ ဧည့်ရိပ်သာတွင် ညအိပ်ခဲ့ရသည်။ နောက်တစ်နေ့မနက်တွင် မန္တလေးမြို့၌ လည်ပတ်ရင်း နေ့လယ်စာစားခဲ့ကြသည်။ မန္တလေးမှပြင်ဦးလွင်သို့ အသွားကားလမ်းတွင် တိုးဂိတ်အနီးရှိ အေသုံးလုံးဘိလပ်မြေစက်ရုံလမ်းခွဲမှဝင်ကာ ရဲရွာသို့သွားခဲ့ရသည့်လမ်းကတော့ တစ်သက်လုံးအမှတ်ရနေမည့် ဘဝတစ်ဆစ်ချိုးလမ်းခွဲပင် ဖြစ်ပေတော့သည်။

ထိုလမ်းခွဲမှ တောတောင်တွေကိုဖြတ်ကာ ခရီးနှင်ခဲ့ရတော့ နှစ်ရက်ဆက်တိုက် ကားစီးရသည့်ဒဏ်ကြောင့် အားလုံးနားချင်စိတ်က ပြင်းပြနေခဲ့သည်။ ဒုဋ္ဌဝတီမြစ်တစ်ဖက်ကမ်းမှာ ယောက်ျားလေးတွေက လူပျိုဆောင်မို့ အရင်ဆင်းကြရတော့ ပျော်ရွှင်သွားကြသည်။ မြစ်ကူးတံတားကိုကျော်ဖြတ်ပြီး တောင်ကုန်းလေးပေါ် ကားရပ်လိုက်ချိန် စုတို့မိန်းကလေးများလည်း ခရီးဆုံးရောက်ပြီမို့ ဝမ်းသာသွားခဲ့သည်။ အဆောင်ကိုရောက် အခန်းဦးကြို၊ ရွေးကြပြီး နားမည်ကြံကာရှိသေး 'သူငယ်ချင်းတို့ရေ ကားပြန်ထွက်မယ်တဲ့။' အခန်းဝက အော်သံကြောင့် မိန်းကလေးတစ်သိုက် ဆူညံဆူညံ ပွစိပွစိဖြင့် ကားပေါ်ပြန်တက်ခဲ့ကြသည်။ 'ဘယ်ကိုများ ထပ်လေ့လာရဦးမလဲ။ မိုးလည်းချုပ်လုပေပြီ'။ အတွေးစမဆုံးခင် ကားရပ်လိုက်ရာ အားလုံး 'ဟေး' ကနဲအော်ပြီး ပြေးဆင်းလိုက်ကြတော့သည်။ ကြည်လင်အေးချမ်း၍ တသွင်သွင်စီးနေသည့် စမ်းချောင်းလေး၊ ဒုဋ္ဌဝတီထဲသို့စီးဝင်နေသည့် ချောင်းလက်တက်လေးတွင် ရေကစားခဲ့ကြသည်မှာ ကောင်းကင်ပြင်မှ လမင်းကြီးထွက်လာသည်အထိပင်။ လထွက်စော၍ နေ့အလင်းရောင်လည်း ကောင်းကောင်းမပျောက်သေးပေ။ ကြည်လင်အေးချမ်းသည့်ရေ၊ သစ်ပင်စိမ်းစိမ်း၊ ကောင်းကင်ပြာပြာနှင့် အဖြူရောင်လမင်းကြီးတို့မှာ ပန်းရလှပနေကြသည်။

မိုးနှောင်းဆောင်းဦးမှသည် အနေကြာလာခဲ့ပြီး နွေဦးတွင်မူ တောင်ခါးပန်းမှာ မေးတင်ဆောက်ထားသည့် အပျိုဆောင်နောက်ကျောတောင်ကုန်းတစ်လျှောက်လုံး ရင်ခတ်ပန်းတွေ လှိုင်လှိုင်ပွင့်ကာ မွှေးကြိုင်နေခဲ့သည်။ ရုံဖန်ရံခါ အိမ်နောက်ဖေးခေါင်မိုးစွန်းမှာ တိမ်ဖြူဖြူတို့ကို လက်တစ်ကမ်းစာမြင်ရပြန်သည်။ တိမ်ဝတ်လွှာတို့ အဆုပ်လိုက်အခဲလိုက်လွင့်မျောနေသည်မို့ စိတ်ကူးယဉ်ခဲ့ရသည့် နတ်သမီးဗိမာန်၊ အုတ်တစ်ဝက်နှင့် ထရံကာပကာသနမဖက် ရိုးရှင်းလှသည့်အဆောင်နေရာလေး။ ကျောင်းဆင်းစဝန်ထမ်းသစ်လေးများအား ရန်ကုန် IBC တွင် သင်တန်းပေး၍ ရဲရွာသို့ခေါ်ဆောင်ကာ ကုမ္ပဏီမှနေရာချထားပေးသည့်

**စာမျက်နှာ ၁၃ သို့-**

**စာမျက်နှာ ၁၂ မှ-**

အဆောင်ဖြစ်သည်။ E Type အမျိုးအစားဖြစ်၍ အလွယ်တကူပင် E Type အပိုျဆောင်ဟု ခေါ်ခဲ့ကြသည်။

တောင်ပတ်လည်ဝန်းရံနေသည့် နေရာဖြစ်သော်လည်း တောတောင်တွေစိမ်းစိုသည့် မိုးရာသီတွင် ဒုဋ္ဌဝတီမြစ်ရေသည် နီညိုရောင်နောက်ကျိ၍ နွေရာသီမြစ်ရေအလျဉ် ကြည်လင်အေးမြချိန်တွင်တော့ တောတောင်တွေဝါညိုရောင်ပြောင်းကာ ခြောက်သွေ့နေကြပြန်သည်။ အချိန်တွေကြာ၍ အမြင်တွေရိုးလာသောအခါ အဆိုပါ ဆန့်ကျင်ဘက်အရောင်တို့ကပင် ကဗျာမမီ စာမမီသည့် ဒုဋ္ဌဝတီ၏အလှပန်းချီဖြစ်လာခဲ့သည်။

တသွင်သွင်စီးတဲ့ ဒုဋ္ဌဝတီတွင် အလွမ်းရာဇဝင်တွေလည်း ရှိခဲ့လေသည်။ တောတောင်တွေစိမ်းရင် ရေတွေနောက်လို့ ရေကြည်ချိန်ရောက်လျှင် တောတွေခြောက်သွေ့ကာ ညိုဝါရောင်နှောခဲ့သည်မှာ မိဖုရားစောမွန်လှအပေါ် ပြောင်းလဲသွေဖီခဲ့သည့် ဘုရင်မင်းအနော်ရထာ၏ သစ္စာကြောင့်ပေလော။ ရွှေစာရံဘုရားအထက် ဒုဋ္ဌဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ရဲယမန်း၊ ကြောင်ရွာတို့မှာ မိဖုရားစောမွန်လှနှင့် အခြွေအရံများ ပုဂံနန်းတော်မှ မောရဝတီရှမ်းဌာနီသို့ ပြန်လာရာလမ်းပေတည်း။ မိဖုရားကြီးနေမကောင်း၍ ကြောင်စာလောက်သာစားနိုင်ချိန်၊ ယမန်းယာဂုသောက်ရချိန်တို့ကို အစွဲပြုခေါ်ဝေါ်ခဲ့ကြသည့် ရွာအမည်များဟု ရွာသားတို့က ဆိုကြသည်။

‘မစုရေ မြန်မြန်လာ၊ သွားကြစို့။’ သန္တာကလှမ်းအခေါ် ကျွန်မလည်း ဂျူတီ Out time card ကို အမြန်ရိုက်ကာ အပြေးထွက်လာခဲ့သည်။ ခြေတစ်လှမ်း ကုဋေတစ်သန်းမလိုပါ။ အညာနေကို အံတုသည့်သနပ်ခါးပါးကွက်ကြားကိုယ်စီ၊ ရှပ်လက်ရှည်အင်္ကျီ၊ အညိုရောင်ဘောင်းဘီရှည်နှင့်မို့ လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်ကြသည်။ လလယ်ပိုင်း Overtime ကြေးထုတ်ချိန်မို့ အူစိုဖို့အတွက် မြစ်ကမ်းနဖူးက DHP လိုင်းခန်းအကြော်ဆိုင်သို့ ချီတက်ကြခြင်းပါ။ မလှဲ့၊ ဖြူဖြူ၊ အလင်း၊ နှင်းနှင်း၊ ကြေးမုံတို့နှင့်အတူ သန္တာနဲ့ကျွန်မပေါင်းလိုက်တော့ သက်တန့်ရောင်စုံ ပျိုမေခုနစ်ဖော်ဖြစ်လာတော့သည်။ ကွန်ကရစ်ဖျော်သည့် Batching Plant မှာ အတူတူတာဝန်ကျကြသည်မို့ အဖွဲ့လိုက်စားအတူ၊ သွားအတူ ပျော်စရာဖြစ်ခဲ့သည်။

သူငယ်ချင်းတွေနှင့်အတူ သဘာဝအလှမှာနစ်မျောရင်း အလုပ်က ဘဝအမောတွေ ဖြေဖျောက်ခဲ့ရသည့် အချိန်များက တမ်းတလွမ်းမောဖွယ်ပင်။ ကျောက်တောင်များမှ မိုင်းခွဲသံကိုနားစွင့်ရင်း ထမင်းစားနားခဲ့ချိန်များ၊ လျှော့လိုက်၊ ပျောက်လိုက်၊ တိုးလာလိုက် နေရာရွှေ့နေတတ်သည့် သဲကျောက်ပုံကြီးများ၊ ညမအိပ်နေ့မနားအလုပ်များလွန်း၍ အိပ်ငိုက်လာချိန်တွင် ထိုသဲကျောက်ပုံကြီးများကိုအကာအကွယ်ယူ၍ လစ်ထွက်ကာ လက်ဖက်သုပ်ဆိုင်ကလေးမှာ မှေးစင်းနေသည့်မျက်လုံးကို ကော်ဖီ၊ လက်ဖက်သုပ်တို့ဖြင့် ထောက်ကန်အားဖြည့်ခဲ့ရသည်များမှာ အမှတ်တရများစွာဖြစ်ခဲ့သည်။

‘ဟေ့ ကောင်မလေး ဘာငေးနေတာလဲ။ မိုင်းခွဲတော့မယ်။ Control Room ထဲ မြန်မြန်ဝင်။’

ရောက်ခါစနေ့ ထမင်းထုပ်တွေကားနဲ့လိုက်ဝေချိန်၊ အိမ်နဲ့မခွဲစဖူး ခွဲရတာကော၊ ထမင်းထုပ်မြင်ရတော့ ပူပူနွေးနွေး မေမေ့ထမင်းဝိုင်းကိုမြင်ယောင်ကာ ငိုင်နေမိစဉ် သတိပေးသံကြောင့် လန့်သွားမိသည်။ Site ထဲကို ပထမဆုံးဆင်းတဲ့နေ့မို့ နေ့လယ်ထမင်းစားချိန်တွင် ကျောက်တောင်ကိုမိုင်းခွဲ၍ ရှင်းလင်းသည့်ထုံးစံကို မသိခဲ့။ အလုပ်ထဲရောက်နှင့်နေသော စီနီယာအော်ပရေတာများက ရှင်းပြမှသိခဲ့ရသည်။ ကျောက်တုံးတွေလွင့်ပျံလာ၍ ထိထားသည့်နေရာတွေပါ လိုက်လေ့လာရင်း မိုင်းခွဲချိန်ကို အမိုးအကာအောက် နေရာယူတတ်လာခဲ့သည်။ နောက်ပိုင်းတွင်တော့ အသစ်ဆောက်လုပ်ပေးသော ထမင်းစားဆောင်၌ အကျအနထမင်းစားရချိန်တွင် Installation ကာလ၏ အထာမကျအဆင်မပြေမှုများကို မေ့ပျောက်လာနိုင်ခဲ့သည်။ ရောက်စက စိမ်းနေသည့် လမ်းလျှောက်စကားပြောစက်များနှင့် ‘သုံးငါး၊ သတ်တီတူး’ ဆိုသည့် ဝေါဟာရများရင်းနှီးလာကာ ထမင်းစားဆောင်တွင် စက်သံကြားလျှင်ပင် စားမဖြောင့်နိုင်ဘဲ ထူးခြားဖြစ်စဉ်ကိုနားစွင့်ကာ Plant ဆီအပြေးပြန်ရသည်အထိ လုပ်ငန်းဇွဲတင်းလာခဲ့သည်။

‘နည်းနည်းလေးတော့ လွဲနေတယ်။ လွဲလွဲလေးလည်း ကောင်းပါတယ်’

Civil အဖွဲ့တွေ သီအိုဒိုလိုက်ဖြင့် ဆိုက်ထဲဆင်းလာချိန် ကျန်အဖွဲ့များက ဝိုင်းနောက်ကြခြင်းဖြစ်သည်။ ကျွန်မတို့အဖွဲ့တွင် ယောကျ်ားလေး၊ မိန်းကလေး BE၊ GTI ၊ Civil ၊ Mechanical ၊ EP ၊ EC စသည်ဖြင့် မေဂျာစုံ၊ ကျောင်းစုံ အင်ဂျင်နီယာအယောက် ၃၀ ခန့်ပါဝင်ခဲ့ရာ ရဲရွာက ရဲဘော်သုံးကျိပ်ဟုပင် တင်စားချင်စရာ။ ဆင်းရဲပင်ပန်းခြင်းကို ရယ်ပွဲဖွဲ့၍ ညီညွတ်နွေးထွေးစွာဖြတ်သန်းခဲ့ကြသည်။ ‘အိမ်ကိုပြန်ခဲ့တော့ ဟိုမှာ မပျော်တဲ့ခဏ . . . မမေ့နိုင်ဘူး နေ့ရက်များထဲ . . . ’ ဒီသီချင်းသံကိုကြားလျှင်ဖြင့် ဘယ်သူနှင့်မျှလွဲများစရာမလိုပေ။ လူပျိုဆောင်မှ သူငယ်ချင်းများ၏ မူပိုင်သီချင်းဖြစ်လာခဲ့သည်။ လူဟောင်းအချို့ ထွက်သွားချိန်၊ လူသစ်အဖွဲ့များ ဝင်လာချိန် နှုတ်ဆက်ကြိုဆိုသည့် မီးပုံပွဲညများတွင် ကြယ်တွေကြွေသည်ကိုကြည့်ရင်း ထူးအိမ်သင်၏ ‘အမေ့အိမ်’ နှင့် မျိုးကြီး၏ ‘အိမ်ကိုပြန်ခဲ့တော့’ သီချင်းများကို နားဆင်ခဲ့ရလေသည်။

ညဘက်အလုပ်နားချိန် အိမ်ကိုလွမ်းရင်း မိုးလင်းလာချိန်တွင် ပုံမှန်လုပ်ငန်းခွင်ဝင်ကြရပြန်သည်။ ဒီနေရာသည် Dozer တွေ၊ Dump Truck တွေ၊ AG တွေ ပျားပန်းခပ်မျှ စည်ကားသည့်နေရာ၊ Project ၏အမြင့်ဆုံး Elevation ဖြစ်သည့် 197 m Level မှ ကြည့်လျှင် ရဲရွာဆိုက်တစ်ခုလုံး၏မြင်ကွင်းကို အပေါ်စီးမှမြင်ရသည်။ ရှုခင်းအလွန်လှသည့်နေရာဖြစ်သည်။ ထိုနေရာမှကြည့်လျှင် မြင်ရသည့်ဖင်တထောင်ထောင် Agitator ( AG ) Truck လေးများမှာ ပုရွက်ဆိတ်ကလေးများသဖွယ်။ မြေထိုးနေသည့် Dozer တွေ၊ ခေါက်ပြန်ပြေးနေသည့် Dump Truck တွေ၊ ဘိလပ်မြေသယ်သည့် BCT ( Bulk Cement Truck ) တွေကြားတွင် အရောင်အသွေးစုံ နိုင်ငံခြားသားများ၊ တရုတ်များ၊ မြန်မာအလုပ်သမားများကိုလည်း တွေ့မြင်ရသည်။

အဝေးမှဦးတည်လာနေသည့် Dump Truck များကို ၂၅ တန်၊ ၃၅ တန် ခွဲခြားမှန်းဆရင်း သူငယ်ချင်းတွေ ပြိုင်ငြင်းခဲ့ကြဖူးသည်။ Batching Plant မှာ အဖျော်မရှိ နားနေချိန်တွင် ဒေသန္တရဗဟုသုတရအောင် လျှောက်သွားခဲ့ကြသည်။

‘မစုရေ ရဲယမန်းဘက် သွားရအောင်။’

‘ဘယ်ကိုလဲ ဖြူဖြူရဲ့ ဘာလုပ်ဖို့လဲ’ ဟု ကျွန်မပြန်မေးမိသည်။

‘Power Intake ဟိုဘက်၊ မြစ်ညာဘက်မှာ ငှက်ပျောဆနွင်းမကင်းရတယ်တဲ့။ အဲဒီရွာဘက် သွားကြမယ်လေ။’

စပ်စုသလောက် သတင်းစုံတဲ့ဖြူဖြူအဆိုကို ကန့်ကွက်မဲမရှိ။ ဒီလိုနဲ့အုပ်စုလိုက် ခြေကျင်ခရီးနှင်ခဲ့ရာ ဆည်ဆောက်ဖို့ တာဖို့ထားသည့်နေရာသို့ ရောက်လာခဲ့သည်။ Total 790 MW, Generator လေးလုံးအတွက် တည်ဆောက်နေသည့် Power Intake တိုင်ကြီးလေးလုံးကတော့ ထီးထီးမားမားရပ်တည်နေလေသည်။

Water Inlet နှင့် Outlet သို့ ကွန်ကရစ်ပို့စဉ်က ရေလွှဲမည့်ဥမင်တစ်လျှောက် AG ဖြင့်ဖြတ်သွားရင်း ဥမင် ( Tunnel ) နံရံတွင် Shotcrete ရိုက်သည့်နေရာများကို လေ့လာခဲ့ကြသည်။ ထိုနေရာကို AG ဖြင့်ဖြတ်ပြီးနောက်တစ်ပတ်အကြာတွင် Inlet မှ ရေစလွှဲပါတော့သည်။ ကျွန်မတို့ AG ဖြင့်ဖြတ်ခဲ့သည့် ရေလွှဲဥမင်သည် ရေအောက်သို့ရောက်ရှိသွားပေပြီ။ ကျောက်သားထုကို ဖောက်ထွင်း၍ ရေလွှဲဥမင်တည်ဆောက်ကာ ရေလွှဲပြီးနောက် ဥမင်အဝင် Inlet အနီးတွင် တာရိုးတစ်ခု၊ အထွက် Outlet အနီးတွင် တာရိုးတစ်ခုဖြင့် မြေဖို့ကာကြားအတွင်းမှ ရေများကိုမော်တာအကြီးအသေးမျိုးစုံဖြင့် ရေစုပ်ထုတ်လျက်ရှိရာ မြစ်အောက်ခြေကြမ်းပြင်ကြီး ပေါ်လာသည့်အထိပင်ဖြစ်သည်။ ကျွန်မတို့လည်း ဒုဋ္ဌဝတီမြစ်ကို အောက်ခြေကြမ်းပြင်မှ လမ်းလျှောက်၍ ကန့်လန့်ဖြတ်ကူးခဲ့ကြသည်။ မြန်မာပြည်တွင် ရွှေထွက်သည့်နေရာများစွာရှိရာ ဒုဋ္ဌဝတီမြစ်တွင်လည်း ရွှေကျင်၍ရသဖြင့် မြစ်ကြမ်းပြင်ကိုဖြတ်စဉ် ရွှေတွေ့ဖူးသည့်နေရာကိုလည်း လေ့လာစပ်စုကြည့်ခဲ့ကြသည်။ သဲပြင်မှာ ဖြူဖွေးမနေဘဲ အနက်ဆန်သည့်မြေသားနှင့် မီးခိုးရောင်သဲနုနုမြေပြင်ကိုတွေ့ခဲ့ရသည်။

မြစ်အောက်ခြေကြမ်းပြင်ကို သန့်ရှင်းပြုပြင်ပြီး CVC ကွန်ကရစ်ကို အခြေခံလောင်း၍ RCC Main Dam ကို စတင်တည်ဆောက်ကြရသည်။ ကွန်ကရစ်လောကတွင် သာမန်တိုက်တာအဆောက်အဦ၊ လမ်းတို့တည်ဆောက်ရာတွင် Conventional Vibrated Concrete ( CVC ) ကို အသုံးပြုကြသည်။ Concrete Mixture အတွင်းမှလေကို ဖယ်ထုတ်ရန် Vibrator အသုံးပြုသည်ကို အစွဲပြု၍ခေါ်ဆိုခြင်းဖြစ်သည်။ Mixture အတွင်းမှ လေကိုဖယ်ထုတ်ပြီး သိပ်သည်းမှုရရှိရန် Vibration ပေးခြင်းဖြစ်သည်။ RCC ( Rollar Compactive Concrete ) ကတော့ Placing ဖြန့်ခင်းပြီးမှ သိပ်သည်းမှုရရှိရန် Roller လမ်းကြိတ်စက်ဖြင့် ဖိကြိတ်ခြင်းဖြစ်သည်။

RCC ကို Mass Concrete Production အသုံးပြုသည့် ဆည်တမံကြီးများ တည်ဆောက်ရာတွင် အသုံးပြုလေ့ရှိသည်။ CVC နှင့် RCC ကွန်ကရစ်တို့ ဖျော်စပ်ရာတွင် ဘိလပ်မြေ၊ သဲ၊ ကျောက်၊ ရေတို့ပါဝင်သည်ချင်းတူသော်လည်း RCC တွင် Mass Concrete ဖြစ်၍ ဘိလပ်မြေဓာတ်ပြုခြင်းမှထွက်သည့် အပူကိုလျှော့ချရန်ပိုဇိုလန် ( Pozzolan ) မီးတောင်ချော်မြေမှုန့်ကိုပါ ထည့်သွင်းအသုံးပြုသည်။ RCC အားသယ်ဆောင်ရာတွင် Dump Truck ( DT ) ဖြင့်သယ်ပြီး CVC ကို Agitator Truck ( AG ) ဖြင့် သယ်ခဲ့ကြသည်။ နောက်ပိုင်းတွင် RCC ကို Plant မှ Site အထိ Conveyor များဖြင့် သယ်ပို့ခဲ့ကြလေသည်။

**ဆက်လက်ဖော်ပြပါမည်-**

**တသွင်သွင်စီးတဲ့ ဒုဋ္ဌဝတီတွင် အလွမ်းရာဇဝင်တွေလည်း ရှိခဲ့လေသည်။ တောတောင်တွေစိမ်းရင် ရေတွေနောက်လို့ ရေကြည်ချိန်ရောက်လျှင် တောတွေခြောက်သွေ့ကာ ညိုဝါရောင်နှောခဲ့သည်မှာ မိဖုရားစောမွန်လှအပေါ် ပြောင်းလဲသွေဖီခဲ့သည့် ဘုရင်မင်းအနော်ရထာ၏ သစ္စာကြောင့်ပေလော။**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပွဲသို့ KIA Myanmar ၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံမှကလေးငယ်တစ်ဦး တက်ရောက်ခွင့်ရရှိ

၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှဇူလိုင်လ ၁၅ ရက်နေ့အထိ ရုရှားနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2018 World Cup ဘောလုံးပွဲစဉ်များအနက် ပွဲစဉ်တစ်ခုတွင်မြန်မာကလေးငယ်တစ်ဦးအား KIA Myanmar ၏ပံ့ပိုးမှုဖြင့် အဆင့်ဆင့်ရွေးချယ်ခဲ့ပြီးဖြစ်၍ Official Match Ball Carrier အနေဖြင့် တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

Grand Final ရွေးချယ်မှုအဖြစ် ဧပြီလ ၈ ရက်နေ့တွင် ပြည်သူ့ရင်ပြင်၊ တော်ဝင်နှင်းဆီကွင်း၌ကျင်းပရာ ဒိုင်များအဖြစ် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ Head of Professor ဆရာမကြီး ဒေါ်နီနီအောင်၊ KIA Myanmar မှ HR Director Mr. Mangesh၊ အရုဏ်ဦးဂျာနယ်အယ်ဒီတာချုပ် ဦးအောင်သျှံဝိုင်း (ကျိုက်အမှတ်ပေးခဲ့သည်။




မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်နိုင်မည့်အခွင့်အရေးဖြစ်သဖြင့် တစ်နိုင်ငံလုံးမှ လျှောက်ထားသူအသက် (၁၀) နှစ်မှ (၁၃) နှစ်အတွင်းရှိကလေးငယ် (၅၀၀) ခန့်အနက် သတ်မှတ်ထားသော Essay ခေါင်းစဉ်နှင့်အညီရေးသားနိုင်သော ကလေးငယ် (၆၀) ဦးအား ကနဦးရွေးချယ်ခဲ့ပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ City Tour အနေဖြင့်ပို့ဆောင်ပေးခြင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာနရှိ အားကစားကွင်း၌ကြံ့ခိုင်မှုနှင့်ဘောလုံးစွမ်းရည်စစ်ဆေးခြင်း၊ အထွေထွေဗဟုသုတနှင့် ပညာရေးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများစစ်ဆေးခြင်း၊ တစ်ဦးချင်း Interview ဖြေဆိုခြင်းနှင့် ကလေး Team Work နှင့်ဆိုင်သော Activities များပြုလုပ်၍ မရော) နှင့်အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နေဝင်းတို့က အကဲဖြတ်၍ အင်္ဂလိပ်ဘာသာစကားတင်ပြနိုင်မှုစွမ်းရည်အားစစ်ဆေးခဲ့ရာ Grand Winner ဆု၊ 1st Runner Up နှင့် 2nd Runner Up တို့ကိုရွေးချယ်ခဲ့ပြီး ယင်းဆုရကလေးငယ် (၃) ဦးမှ Grand Winner ဆုရရှိသူ Code No. (22) မောင်စိုင်းဘုန်းသိင်္ဂအား ရုရှားနိုင်ငံ၊ စိန့်ပီတာစပတ်မြို့တွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး၏ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် FIFA ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ တက်ရောက်ခွင့်ရရန် KIA Myanmar မှတာဝန်ယူစေလွှတ်မည်ဖြစ်ကြောင်း သိရှိရသည်။ **မင်းထွဏ်း**




ပြည်သူများ သဘာဝနယ်မြေများတွင် အပန်းဖြေနိုင်စေရန်နှင့် သဘာဝခရီးသွားလုပ်ငန်း မြှင့်တင်ရန်ရည်ရွယ်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးဖောင်ဖွဲ့ရေးဒေသ ဝါးနက်အပန်းဖြေစခန်းကို ပြင်ဦးလွင်မြို့နယ်၊ ကျောက်ချောရဲရွာကားလမ်း ၅ မိုင် ၅ ဖာလုံ ဝါးနက်ရွာအနီးတွင် တည်ဆောက်ခဲ့ရာပြီးစီးသဖြင့် မဟာသင်္ကြန်ပွဲတော်အကြို မတ်လ ၃၀ ရက်နေ့၊ နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဝါးနက်အပန်းဖြေဆင်စခန်းသည် ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကြိုးဝိုင်းနယ်မြေ ဧက ၁၄၀ တွင် သဘာဝအတိုင်းတည်ဆောက်ထားပြီး လာရောက်လည်ပတ်သူများအနေဖြင့် ဆင်စီးပြီးတောတွင်းလမ်းများတွင် လည်ပတ်နိုင်ခြင်း၊ နားနေဆောင်များတွင် မိသားစုလိုက်အနားယူအပန်းဖြေနိုင်ခြင်း၊ စခန်းအတွင်းစားသောက်ဆိုင်များတွင် မြန်မာမှုစားသောက်ဖွယ်ရာများ ဈေးနှုန်းချိုသာစွာ တောတောင်သဘာဝအလှများခံစားရင်း မှာယူစားသောက်နိုင်ခြင်း၊ ဆင်များကို ကိုယ်တိုင်အစာကျွေးနိုင်ခြင်း၊ ပြခန်းအတွင်း ဆင်အကြောင်းသိကောင်းစရာများ လေ့လာခြင်းတို့ဆောင်ရွက်နိုင်ပြီး ဆင်စခန်းအမှတ်တရပစ္စည်းများ ဝယ်ယူနိုင်သည်။ ဝါးနက်အပန်းဖြေဆင်စခန်းကို နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ကာ ဝင်ကြေးတစ်ဦးကျပ် ၁,၀၀၀ နှင့် အပန်းဖြေစခန်းအတွင်း တစ်ဦးလျှင်ကျပ် ၃,၀၀၀ ဖြင့် ဆင်များစီးနိုင်ရာ စနေ၊ တနင်္ဂနွေနှင့်ဥပုသ်ရက်များတွင် လာရောက်လေ့လာသူ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်းသိရသည်။ **သီဟကိုကို**

## ပုသိမ်ထီးလုပ်ငန်း လုပ်သားရှားပါးမှုကြောင့် လုပ်ခ (၆) လစာကြိုပေးပြီး လုပ်ကိုင်ရ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ ပုသိမ်ထီးလုပ်ငန်းတွင် လုပ်သားရှားပါးလာသည့်အတွက် လုပ်ငန်းရှင်များက လုပ်သားများကိုလုပ်ခ (၆) လစာကြိုပေးပြီး လုပ်ဆောင်နေရကြောင်း ပုသိမ်ထီးထုတ်လုပ်သူများထံမှသိရသည်။



ယင်းလုပ်သားတို့လစာမှာ တစ်လကျပ်တစ်သိန်းနှစ်သောင်းမှ တစ်သိန်းငါးသောင်းကျပ်အထိရှိနေရာ ရင်းနှီးမြှုပ်နှံမှုငွေကြေးမရှိ၍ လုပ်သားတည်မြဲမှု အခက်အခဲရှိခြင်း၊ အခြေခံကုန်ကြမ်း ရှားပါးခြင်းတို့ကြောင့် ပြည်ပဝယ်လိုအားကိုပင် ပြည့်မီအောင်ထုတ်လုပ်နိုင်မှု မရှိဖြစ်နေသည်။

ထီးလုပ်သားအနေဖြင့်လည်း ကုန်ကြမ်းရှားပါးမှုအပေါ် အလုပ်မမှန်သဖြင့် တခြားလုပ်ငန်းတွေထွက်လုပ်ကြရသည်။ ထီးလုပ်ငန်းတွင် အဓိကကုန်ကြမ်းဖြစ်သည့် သစ်၊ ဝါးရှားပါးမှုကို ရင်ဆိုင်နေကြရကာ သရက်ကူးဝါးတောနှင့် မအူပင်ကဲ့သို့ သစ်ပင်များပြုန်းတီးလာခြင်း၊ သရက်ကူးဝါးစိုက်သည့်တောင်သူများက ဝါးအစား ကြီးမြန်သစ်ပင်များစိုက်ပျိုးကြခြင်း၊ အစိုးရအဆက်ဆက်ဝါးတောနှင့် သစ်တောစိုက်ခင်းများအတွက် မြေနေရာချထားမှုအကောင်အထည်မဖော်နိုင်ခြင်းတို့အတွက်လည်း ထုတ်လုပ်သူများအခက်ကြုံနေကြရသည်။

မြန်မာ့ရိုးရာပုသိမ်ထီးများကို ဥရောပနိုင်ငံများက မှာယူမှုမှာ ၂၀၁၈ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ယခင် ၂၀၁၇

**ဆွေဝင်းမောင်**

ခုနှစ်ထက် နှစ်ဆကျော်ပိုများလာကြောင်း၊ ယခင်နှစ်များက အိမ်နီးချင်းဖြစ်သည့် တရုတ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများဖြစ်သော အီတလီနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့က မှာယူသဖြင့် တင်ပို့ခဲ့ရသော်လည်း ၂၀၁၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံနှင့်အင်္ဂလန်နိုင်ငံတို့က ကြိုတင်မှာယူမှုများတိုးလာကြောင်း သိရသည်။

❑


# အစာစားပြီး ဝိတ်ချချင်သူတွေအတွက် ကျန်းမာရေး

လူတိုင်းဟာ ခန္ဓာကိုယ်အချိုးအဆ ( BMI ) သာမန် ၁၈. ၉ မှ ၂၄. ၉ အတွင်းရှိပါတယ်။ BMI ဆိုတာ ခန္ဓာကိုယ်အလေးချိန် (ကီလိုဂရမ်) ကို အရပ်အမြင့် (မီတာ) နှစ်ထပ်ကိန်းနဲ့စားလို့ရတဲ့ရလဒ်ဖြစ်လို့ အလေးချိန်ထိန်းမှသာ BMI သာမန်အတိုင်း အတာမှာရှိနိုင်မယ်။ ဝနေတဲ့သူတွေ အစားအစာထိန်းပြီး ဝိတ်ချမယ်ဆိုရင် ဖြစ်နိုင်ပါတယ်။

***အဆီကျ၊ အသားကျစ် ကျန်းမာအောင်လေ့ကျင့်***

ကိုယ်အလေးချိန်ကျပြီး ကျစ်ကျစ်လျစ်လျစ်နဲ့ ကျန်းမာတဲ့ကိုယ်ခန္ဓာရဖို့ အဆင့် (၁) က အဆီရှောင်ရမယ်။ ဘယ်အစားအစာကိုမဆို အဝစားသောက်တာရှောင်ရမယ်။ ရေဆာရင် ရေသာသောက်သင့်တယ်။ အချိုရည်၊ ဘီယာ၊ အရက်မသောက်သင့်ဘူး။ အရက်နဲ့ဘီယာဟာ ခန္ဓာကိုယ်တွင်း ရေဓာတ်ကို ညစ်နွမ်းစေလို့ အရက်၊ ဘီယာသောက်မိရင် ရေများများသောက်ပေးဖို့လိုတယ်။ အရက်နဲ့ဘီယာက ခန္ဓာကိုယ်တွင်း မကောင်းတဲ့ကိုလက်စရောကိုတက်စေပြီး အဝလွန်စေတယ်။

လေ့ကျင့်ခန်းကို နေ့စဉ်တစ်နာရီလုပ်သင့်တယ်။ အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးလုပ်ရမယ်။ နေ့စဉ်စားသောက်




လို့ ပိုလျှံတဲ့ကယ်လိုရီဟာ အဆီအဖြစ်မစုဆောင်းဘဲ ချွေးအဖြစ်ထွက်သွားအောင် အားကစားပုံမှန်ကစားစေခြင်းဖြစ်တယ်။

***အစာ ဘယ်ထိထိန်းရမလဲ***

အစာနဲ့ထိန်းတာ ဘယ်အချိန်အထိလုပ်ရမယ်ဆိုပြီး မေးကြတယ်။ လှချင်တဲ့အချိန်ကနေ ပေါ့ပေါ့ပါးပါးနေချင်စိတ်ရှိသေးရင် အစာထိန်းရမှာပါ။ အသက် ၅၀၊ ၆၀ ထိလှချင်ရင် ဒီအချိန်အထိ အစာထိန်းရမယ်။ ပုံမှန်ထိန်းသွားမယ်ဆိုရင် အကျင့်ပါသွားပြီး ရေရှည်ဆင်ခြင်စရာမလိုတော့ဘူး။ ဥပမာ-ညနေစာ ထမင်း ၁၂ ဇွန်းထက်ပိုမစားရဘူး။ ဟင်းသီးဟင်းရွက်သုပ် များများစားပြီး စွပ်ပြုတ်ရည် ဗိုက်ပြည့်အောင်သောက်လိုက်လျှင် တင်းတိမ်နိုင်ပါတယ်။ စားပြီးအိပ်တတ်တဲ့ အကျင့်ကိုလည်း ရှောင်ရမယ်။

***အစာ ဘယ်လိုထိန်းမလဲ***

အစာထိန်းတဲ့အခါ ခန္ဓာကိုယ်ကလိုအပ်တဲ့ အာဟာရလည်း ပြည့်ဝမယ့်အစာဖြစ်ဖို့လိုတယ်။ တစ်နေ့တာအတွက် အရေးပါတဲ့ နံနက်စာ၊ နေ့လယ်စာကို စနစ်တကျအကောင်းဆုံးစီမံစားသောက်သင့်တယ်။ အိမ်မှာ ဖွယ်ဖွယ်ရာရာချက်စားသင့်တယ်။ အပြင်အစာတွေက ဘယ်လောက်ပဲကောင်းတယ်ပြောပြော စားအုန်းဆီ၊ အရောင်တင်မှုန့်၊ ဓာတုဆေးဝါး၊ အချိုမှုန့်၊ ကြက်သားမှုန့် မကင်းဘူး။ အပြင်စာအစားများရင် အချိုမှုန့်၊ ကြက်သားမှုန့်တို့ကြောင့် သွေးတိုးနှင့်နှလုံးသွေးကြောရောဂါဖြစ်နိုင်တယ်။

အစာနဲ့ထိန်းတယ်ဆိုတာ ကာလတိုမဖြစ်နိုင်ဘူး။ လနဲ့ချီပြီး၊ နှစ်နဲ့ချီပြီး အလိုက်သင့်စားသွားမှအဝလွန်ခြင်း၊ ဝခြင်းကနေကာကွယ်နိုင်မယ်။ လူတစ်ယောက်နဲ့တစ်ယောက် ခံနိုင်ရည်ချင်း မတူညီနိုင်သလို အာဟာရလျှော့ချ၊ ရေလျှော့ချလုပ်ဖို့ဆိုတာ သူ့ရဲ့ခံနိုင်ရည်ရှိမှသာ လုပ်ဆောင်နိုင်မယ်။ ကာလတိုတစ်ခုအထိ ပိန်ရမယ်။ ပြီးရင်ပြန်စားမယ်ဆိုရင်တော့ အဝလွန်ခြင်းနဲ့မကင်းနိုင်ပါဘူး။

***အစာထိန်းခြင်းဖြစ်အောင် ဘယ်လိုစားမလဲ***

ဆီးချို၊ သွေးတိုးမရှိဘူးဆိုသူများ အိပ်ရာကထထချင်း ရေနှစ်ဖန်ခွက်သောက်သင့်ပါတယ်။ ပြီးရင် ကယ်လိုရီများသလား၊ ဝ လာမလား၊ စိတ်ကိုဘေးဖယ်ထားပြီး အားပြည့်အောင်စားပေးဖို့လိုမယ်။ အိပ်ရာကနိုးပြီး တစ်နာရီအတွင်း မနက်စာစားပေးသင့်တယ်။ တစ်ညလုံးအစာမရှိ ရှင်းနေတဲ့အူက အစာအာဟာရ အပြည့် စုပ်ယူပါလိမ့်မယ်။ မနက်စာအတွက် ကယ်လိုရီနည်းလွန်းရင် တစ်နေကုန်မလန်း၊ နေလို့မကောင်းဘဲရှိနေနိုင်တယ်။ များလွန်းရင်လည်း ဗိုက်ကလေးပြီး အီလည်လည်ဖြစ်နေနိုင်ပါတယ်။

နေ့လယ်စာအတွက် အသားနဲ့ထမင်းစားလို့ရတယ်။ အဆီ (ဆီ) ကို အတတ်နိုင်ဆုံးရှောင်ပါ။ ဆီပြန်ဟင်းဖြစ်နေရင် အသားကိုဆယ်ပြီး စားနိုင်တယ်။

ညစာအတွက် လုပ်ရှားမှုနည်းလာတဲ့သည်အပိုင်းမှာ ထမင်း ၁၂ ဇွန်း၊ ပေါင်မုန့် ၂ ချပ်၊ အသီးအရွက်ကြော် (သို့) အသီးအရွက်သုပ်၊ စွပ်ပြုတ်ရည်၊ ဟင်းခါးရည်စသဖြင့် အဆီ၊ အချို ကာဗွန်ဟိုက်ဒြိတ် (ကစီ) အသားဓာတ်နည်းတာ စားသင့်တယ်။ တစ်ပတ်ကို နှစ်လုပ်လောက်လျှော့စားရင် စားကျင့်ရှိသွားနိုင်တယ်။ သစ်သီးတစ်လုံးစားသင့်တယ်။ အစားအသောက်ကို အာရုံလွှဲထားနိုင်ရမယ်။

***ညစာ မရှောင်ပါနဲ့***

အချို့က ညစာလုံးဝရှောင်တယ်။ လုံးဝရှောင်ခြင်းက ခန္ဓာကိုယ်တွင်းက ဇီဝနာရီကို တိုက်ဖျက်လိုက်တာပဲ။ အူလမ်းကြောင်းက အစာပြတ်လပ်မယ့်အချိန် ရေများများသောက်တာလောက်နဲ့ မလုံလောက်ပါဘူး။ လိုအပ်တဲ့လှုပ်ရှားမှုတွေလောက် အာဟာရမပေးရင် ကြာလာတာနဲ့အမျှ ရောဂါရလာမယ်။ အစာကို အချိန်မှန်မှန်စားသောက်ဖို့ လိုမယ်။ လိုအပ်တဲ့အချိန် စားပေးသင့်တယ်။

အစာနဲ့ထိန်းတယ်ဆိုတာ လန်းဆန်းပြီး အားပြည့်နေပါမှ ထိထိရောက်ရောက် စနစ်တကျဝိတ်ချနိုင်မယ်။ အစာအရမ်းခံထားပြီးမှ စားမယ်ဆိုရင် ပိုပြီးစားတတ်သလို အချိုတို့ အဆီ၊ အဆိမ့်တို့ ပိုပြီးတောင့်တလာတတ်တာ သတိမထားမိဘဲ စားတတ်ကြပါတယ်။

***အသီးအနှံ ဘယ်အချိန်စားမလဲ***

အချို့ ညစာကိုသစ်သီးစားတယ်။ သစ်သီးက သဘာဝအတိုင်း ချိုတယ်။ သကြားဓာတ်ဘယ်လောက်ပါဝင်တယ် အတိအကျမတွက်နိုင်လို့ နေ့လယ်ဘက် အဆာပြေစားသင့်တယ်။ အသီးနဲ့အချိုတည်းတာ (အသီးမှည့်စားတာ) ဟာ ဝ စေကြောင်း လူအချို့သတိမထားမိကြဘူး။

***အစာထိန်းရင် ဘာတွေစားမလဲ***

ဝချင်တဲ့သူတွေက ပရိုတင်း (အသား) ဓာတ်များများစားရမယ်။ အစားစားပြီး ရေသောက်သင့်တယ်။ ပိန်ချင်တဲ့သူတွေက အမျှင်ဓာတ်ပါတဲ့အစားအစာ၊ အသီးများများ စားသင့်ပါတယ်။ အစာမစားမီ ရေအဝသောက်ခြင်းက အစာကြိုက်သလောက်မစားနိုင်တော့ဘူး။ ပန်းကန်ရဲ့တစ်ဝက်ကို အသီးအရွက်၊ လေးပုံတစ်ပုံကို အသား၊ လေးပုံတစ်ပုံကို ထမင်း၊ ပေါင်မုန့်ထည့်စားနိုင်တယ်။ အချိုရည်၊ ဘီယာ၊ အရက်ရှောင်ရမယ်။

***စားသုံးသင့်တဲ့ အော်ဂဲနစ်အစာ***

သဘာဝအရ ထုတ်လုပ်ချက်ပြုတ်ထားတဲ့ အော်ဂဲနစ်အစားအစာဖြစ်သင့်တယ်။ ဥပမာ-ဆန်လုံးညိုစား (သို့) ပေါင်မုန့်ကြမ်းစားသင့်တယ်။ အစက မစားတတ်ပေမယ့် အပြင်မှာစားသောက်မယ့်အချိန်တိုင်းပါ ထမင်းဗူးယူသွားပြီးစားပေးရင်းနဲ့ စားနေကျဖြစ်လာမယ်။ ကယ်လိုရီနည်းလို့၊ ကိုယ်အလေးချိန်လျှော့ချင်သူတွေ၊ ထိန်းချင်သူတွေ စားသင့်ပါတယ်။ ဗီတာမင်နဲ့ အမျှင်ဓာတ်များလို့ ဝမ်းမှန်စေပြီး အသားပိုကျစ်လျစ်သန်မာစေတယ်။ ဆန်လုံးညိုချက်ရင် ရေပိုထည့်ပြီး ချက်ဖို့လိုတယ်။

ဒေါက်တာလွင်သန့်

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ရှာပုံတော်မင်းသားကြီး

✍ ကိုလူအေး

မြန်မာတို့၏ဆယ့်နှစ်လရာသီပွဲတော်များအနက် သင်္ကြန်ပွဲတော်သည် အစည်ကားဆုံးနှင့်အရွယ်စုံ၊ အလွှာစုံတို့ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည့် ပွဲတော်တစ်ခုလည်းဖြစ်သည်။

သင်္ကြန်ကာလမရောက်မီ ပင်လုံးထိန်ပွင့်ဝေကြသည့် ပိတောက်နှင့်ငုရွှေဝါများက သင်္ကြန်သင်္ကေတအဖြစ် သင်္ကြန်ရနံ့ပေးသည့်အခါ သင်္ကြန်ချစ်သူများအဖို့ ရင်ခုန်သံစည်းချက်မြန်ဖြစ်နေကြပြီဖြစ်သည်။

ရင်ခုန်သံစည်းချက်မြန်သူများအနက် မိမိကသူများထက်ပို၍ မြန်နေပြီဟုစိတ်အခံရှိသူက လူပျိုကြီးကိုလူအေး။

လူနာမည်နှင့်လိုက်ဖက်စွာ အနေအထိုင်အေးဆေးသည့် ကိုလူအေးတစ်ယောက် သင်္ကြန်ရနံ့ရသည်နှင့် ရိုးတိုးရွတဖြစ်နေသလို သင်္ကြန်သီချင်းတစ်ပုဒ်ဖြစ်သည့် 'ရှာပုံတော်မင်းသားကြီး' သီချင်းကိုလည်း အချိန်ရှိသ၍ တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး ဆိုညည်းနေတော့သည်။

သင်္ကြန်သီချင်းများစွာ ရှိပါလျက် ကိုလူအေးတစ်ယောက် အဘယ်ကြောင့် 'ရှာပုံတော်မင်းသားကြီး' သီချင်းကိုမှ အာရုံကျနဘိသနည်း။

'ဟေ့ လူကြီး၊ ခင်ဗျားမရိုးတော့ဘူးနော်' ဟု ခင်မင်ရင်းနှီးသူများ၏ စကားကို ကိုလူအေးဂရုမစိုက်နိုင်အား။ လူပျိုဆောင်ရှေ့ပိတောက်ပင်မှခူးယူလာသော ပိတောက်ပန်းများတစ်ပွေ့တစ်ပိုက်နှင့် ဖယ်ရီကားပေါ်တက်လာသောကိုလူအေးက ကားပေါ်ရှိလုပ်ဖော်ကိုင်ဖက်ဝန်ထမ်း ပျိုပျို၊ အိုအိုများကို ကားမထွက်ခင်စေတနာဗရပွနှင့် လိုက်လံဝေငှနေလေ၏။

'ကိုလူအေး မျက်နှာမလိုက်နဲ့နော်။ ကျွန်မတို့ကိုလည်း ပေးဦး' ဟု ကားနောက်ဆုံးတန်းထိုင်ခုံမှ ကြီးကြပ်ရေးမှူးဒေါ်မြမြက အပျိုလေးတွေဘက် အာရုံကျနေသောကိုလူအေးကိုလှမ်းသတိပေး၏။

'ဟဲ့ကောင် . . . ငါ့လည်းပေးဦး' ဟု ဖယ်ရီမောင်း ကိုတင်းပုတ်က အတင်းတောင်းသည်။ ဖယ်ရီပေါ်မှာက အမျိုးသား/အမျိုးသမီးများ အတူလိုက်ပါစီးနင်းကြသော်လည်း ယနေ့ပွင့်သည့်ပိတောက်ပန်းများက အမျိုးသားများနှင့် မသက်ဆိုင်ဟု ကိုလူအေးတစ်ယောက် ယူဆထားပုံရသည်။ အမျိုးသားများကိုကျော်၍ အမျိုးသမီးများ၊ အထူးသဖြင့်အပျိုကြီးမတင်လှထိုင်ခုံနားတွင် မတ်တပ်ရပ်လိုက်ပါရင်း စကားဖောင်ဖွဲ့နေသောကိုလူအေးကို အမြင်ကတ်သဖြင့် ကိုတင်းပုတ်က ပြောလိုက်ခြင်းပင်ဖြစ်သည်။



'ဟာ. . . ကိုတင်းပုတ် အန်ကယ်ကတော့နိုးပါနော်။ လက်ထဲက ဒီပန်းတွေက ရုံးရောက်ရင်ပေးဖို့ချန်ထားတာ။'

ဟုတ်ပေသားပဲ။ ဒီနေ့ကိုလူအေးတို့ရုံးမှာ ဝန်ထမ်းတွေအတွက် သင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲရှိသည်။ ကာရာအိုကေသီချင်းဆိုခွင့်ရှိသဖြင့်လည်း ကိုလူအေးတစ်ယောက် အသံကြိုကျင့်ထားတာ အသံတွေတောင်နာလှပြီ။ သူ့သီချင်း အဆိုကိုအားပေးဖို့ ဌာနက မမတွေကို ပိတောက်ပန်းနှင့် မျက်နှာလုပ်ရပေဦးမည်။

'မူးမူးရူးရူးတော့ မလုပ်နဲ့နော်' ဟု အပျိုကြီးမတင်လှက သံယောဇဉ်သံဖြင့် သတိပေးသည်။ သူသတိပေးတာကလည်း အကြောင်းရှိသည်။

တစ်ချိန်သောသင်္ကြန်ကာလ ယခုလိုအချိန်မျိုးတွင် ကိုလူအေး နှလုံးသားဒဏ်ရာရခဲ့ဖူးသည်။ ထိုစဉ်က သူတို့ရုံးတွင် မကြာခင်ကမှနယ်စက်ရုံမှပြောင်းရွှေ့လာသော 'မပို' အမည်ရ ဖြူဖြူသွယ်သွယ်လျလျ အပျိုကြီးမမတစ်ယောက်ရှိသည်။ ကိုလူအေးက သူမကိုစိတ်ဝင်စားမိသည်။ မပိုက အပျိုကြီးပီပီအနေတည်သဖြင့် ကိုလူအေးမချဉ်းကပ်ရဲ။ သို့နှင့်ရင်းနှီးမှုရအောင် အပျိုကြီးမတင်လှကို အကူအညီတောင်းသည်။ မတင်လှက သင်္ကြန်ရုံးမပိတ်မီ မိတ်ဆက်ပေးမည်ဟုကတိပေးသည်။

ထိုနေ့က ရုံးမှာသင်္ကြန်စတုဒိသာ ရွှေရင်အေးကျွေးသည်။ ထိုပွဲတွင် မတင်လှက မပိုနှင့်မိတ်ဆက်ပေးမည်ဖြစ်၍ ကိုလူအေးပိတောက်ပန်းတစ်ပွေ့တစ်ပိုက်ဖြင့် ရုံးတက်လာခဲ့သည်။ သူ့အကြံက မပိုကိုပိတောက်ပန်းလက်ဆောင်ပေးရင်း ရင်းနှီးမှုစတင်မည်။ သို့သော် သူရုံးရောက်တော့ မပိုတို့ဖယ်ရီကမရောက်သေး။ ပိတောက်ပန်းတွေတစ်ပွေ့တစ်ပိုက်ဖြင့် ကိုလူအေးကိုမြင်တော့ ရုံးမှအမျိုးသမီးဝန်ထမ်းများက အလုအယက်တောင်းသဖြင့် မပိုအတွက်အပွင့်အများဆုံးအခက်ကိုချန်ကာ အားလုံးကို ဝေငှပစ်လိုက်သည်။ ကိုလူအေးရင်ခုန်နေပြီ။ မပိုကို မည်သို့စကားစတင်ပြောရမည်နည်း။

ရုံးမှာလူစုံပါပြီ။ စတုဒိသာရွှေရင်အေးပွဲပြင်ပေးသူ၊ ဝိုင်းဖွဲ့စားနေသူများဖြင့် စည်ကားစပြုပြီ။ အပျိုကြီးမတင်လှက သူ့ကတိအတိုင်း ကိုလူအေးနှင့်မပိုကို မိတ်ဆက်ပေးမည်ဖြစ်၍ မပိုကိုသူနှင့်စားပွဲတစ်ဝိုင်းထဲတွင် အတူစားစေသည်။ ကိုလူအေးကို အခန်းတွင်း ဝေ့ဝဲကြည့်လိုက်တော့ မတွေ့။ ဒီလူ ဘယ်သွားနေပါလိမ့်။

ဟော . . . လာပါချေပြီ။ မချိမချဉ်မျက်နှာနှင့် သူ့တို့စားပွဲဝိုင်းသို့ တန်းလာသဖြင့် ခါတိုင်းထက်တမူထူးခြားနေသည်ကို မတင်လှအကဲခတ်မိသည်။

'ဟာ. . . မတင်လှတို့၊ မပိန်တို့စားနေကြပြီလား။ စားကောင်းလား။ ဒီမှာ မပိန်အတွက် ပိတောက်ပန်း။ ပါလာတာက အများကြီးဗျ။ ဟိုလူကတောင်း၊ ဒီလူကတောင်းနဲ့ ကျွန်တော်က မပိန်ပန်ဖို့အတွက် မနည်းကြီးကို ချန်ထားရတာ။ ရော့. . . မပိန်'

'ရှင် တော်တော့်' မပိုစိတ်တိုပြီး စားပွဲဝိုင်းမှ ထွက်သွားချေပြီ။

မိမိက စတင်မိတ်ဆက်ပေးရမည့်သူဖြစ်ပါလျက် ယခုတော့ ကိုယ့်ကဘာမှမပြောရသေး၊ သူကချည်း မပိုကို မပိန်ဟုစကားမိုးမွှန်အောင် ပြောနေသဖြင့် မတင်လှအံ့သြနေမိသည်။ သူ့စကားသံကို တစ်ခန်းလုံးကကြားနေရသဖြင့် အားလုံးမျက်နှာက ပြုံးစိစိတွေနှင့်။

သင်္ကြန်ပြီး၍ ရုံးပြန်တက်ပြီးမကြာမီ အပျိုကြီးမပို ဌာနပြောင်းရွှေ့သွားလေပြီ။ လူအများကြားတွင် သူ့အမည်မပိုအစား မပိန်ဟုအခေါ်ခံလိုက်ရသဖြင့် အရှက်ရသွားပုံရသည်။ မရှက်နေနိုင်ပါ့မလား။ မပိုက နကိုကမှ ခပ်ပိန်ပိန်ဖြစ်သဖြင့် ကိုလူအေးက သူ့ကိုလှူပုံအလယ် အရှက်ခွဲသည်ဟု အထင်ရှိသွားသည်။

ထိုနေ့က ကိုလူအေးတစ်ယောက် ရဲဆေးတင်ခဲ့ကြောင်း မတင်လှသိလိုက်သော်လည်း တားချိန်မရလိုက်။ ဤအဖြစ်အပျက်က ရုံးခန်းအတွင်း ပြောစရာအဖြစ်ကျန်ရစ်ခဲ့သည်။

ယခုသင်္ကြန်အကြိုပွဲ ရောက်ပြန်ပြီ။ ကိုလူအေးတစ်ယောက် မူးမူးရူးရူးဖြစ်မည်စိုး၍ အပျိုကြီးမတင်လှက သတိပေးခြင်းဖြစ်သည်။ ယခုနှစ်သင်္ကြန်အကြို ပျော်ပွဲရွှင်ပွဲက ရုံးချုပ်ရှိဝန်ထမ်းအားလုံး ပါဝင်ဆင်နွှဲကြသည်။ လုပ်ငန်းများကလည်း မုန့်လုံးရေပေါ်၊ မုန့်ဟင်းခါး၊ နို့စိမ်းခေါက်ဆွဲ၊ ကျောက်ကျောဖျော်ရည်၊ ရွှေရင်အေးစသည့်စတုဒိသာမုန့်မျိုးစုံဖြင့် ကျွေးမွေးဧည့်ခံကြသည်။ ကိုလူအေးကဲ့သို့ သင်္ကြန်ချစ်သူ ဖိုးဆိုချင်များကလည်း ကာရာအိုကေစက်နားမှ မခွာ။ ကိုလူအေးကတော့ သူကြိုတင်လေ့ကျင့်ထားသည့် 'ရှာပုံတော်မင်းသားကြီး' သီချင်းဖြင့် စင်ပေါ်တက်ဖျော်ဖြေသည်။ သူ့အဆိုနှင့်တွဲဖက်၍ အကဖြင့်ဖျော်ဖြေသူက အပျိုကြီးမတင်လှ။

ကိုလူအေးစိတ်ဝင်စားခဲ့သော တစ်ချိန်က အပျိုကြီးမပိုကား ဌာနပြောင်းသွားပြီးနောက်ပိုင်း အိမ်ထောင်ကျကာ ကလေးနှစ်ယောက်ပင် ရနေချေပြီ။ ကိုလူအေးကား ယခုတိုင် ရှာပုံတော်ဖွင့်ကောင်းနေတုန်းပင်။ ။

❑


# ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

သာရတ္ထဒီပနီဋီကာ(တတွဲ) ကြေးပိဋကတ်တော် အလှူရှင်



နှစ်ဖက်မိဘများ၊ အမကြီးဒေါ်နှင်းညွန့်၊
ဒေါ်တင်အေးနှင့်ခင်ပွန်းသည် ဦးခင်မောင်ရင်
တို့အား ရည်စူး၍ရန်ကုန်မြို့ တာမွေမြို့နယ်၊
မညွှားဒလလမ်းနေ ဆရာမကြီးဒေါ်ဝင်းနွယ်
(၈၂)နှစ်ပြည့်မွေးနေ့အတွက်
သား သမီး မြေးမြစ်သားတစုတို့မှ
ကြေးပြား (၁၀)ချပ် ၊ တန်ဖိုး - ၂၆၀၀၀၀ ကျပ်ကို
ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေဘာ့ပေါ့ရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

## မိဘကျေးဇူး



❋ ငှက်ကလေးများ ချိုတေးသီ
ပန်းတို့ဝတ်မှုန်စီ။
❋ နေရောင်ခြည်လင်း နံနက်ခင်း
လေပြေတသင်းသင်း။
❋ မီးဖိုချောင်တွင်း ရှဲရှဲညံ
မေမေ့ ချက်ပြုတ်သံ။
❋ အိမ်ခြံဝင်းထဲ ချွေးစို့ရွှဲ
ဖေဖေ တံမြက်လှည်း။
❋ စောင်ခြုံထဲက မောင်လေးငယ်
အိပ်ရာထတော့ကွယ်။
❋ မိဘကျေးဇူး မပျင်းရ
လိမ္မာသိတတ်မှ။

ဘဒင် (မလွန်မြေဖွား)

## မူဆယ်ကုန်စည်ဒိုင်မှ သရက်သီးတင်ပို့ရမည့်ရက် ကန့်သတ်

အရည်အသွေးကောင်းပြီး ဈေးကောင်းရရှိစေရန် မြန်မာနိုင်ငံထွက် သရက်သီးများကို မူဆယ်ကုန်စည်ဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မှုကို ဧပြီလ ၁၅ ရက်နေ့ နောက်ပိုင်းမှသာတင်ပို့ကြရန် မူဆယ်ကုန်စည်ဒိုင်က ကန့်သတ်လိုက်ကြောင်းသိရသည်။

အစောပိုင်းထွက်ရှိသည့် သရက်သီးများကို ... ထိုသို့ကန့်သတ်ရခြင်းမှာ အရည်အသွေးမမီသေးသည့် သရက်သီး များကို မထိခိုက်နိုင်ကြောင်း၊ ထိုသို့ မထိခိုက်စေရန် တောင်သူများ၊ ကုန်သည်များနှင့်ညှိနှိုင်းသတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း မူဆယ်ကုန်စည်ဒိုင် ဗဟို အလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် ဦးစိုင်းခင်မောင်ကပြောသည်။

ထိုသို့သတ်မှတ်လိုက်သည့်အတွက် တောင်သူများအနေဖြင့် သရက်



ဧပြီလ ၁၅ ရက်နေ့နောက်ပိုင်းမှစ၍ မူဆယ်ကုန်စည်ဒိုင်အနေဖြင့် မြန်မာ့စိန်တစ်လုံးသရက်များတင်ပို့ကြရန် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ထိုသတ်မှတ်ချက်ကြောင့် တောင်သူ သီးများအမှန်တကယ်ရင့်မှည့်မှသာ တင်ပို့နိုင်တော့မည်ဖြစ်ပြီး အရည်အသွေးကောင်းမွန်သည့်အတွက် ဈေးကွက်အတွင်း ရောင်းအားကောင်းလာနိုင်သည့်အပြင် ဈေးကောင်းရနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ထပ်မံပြောဆိုသည်။

သရက်သီးများမရင့်မှည့်မီ ဆေးစိမ်ကာတင်ပို့ကြသည့်အတွက် ယခင်နှစ်များက ဈေးကွက်အတွင်းအရည်အသွေးကျဆင်းခဲ့ကာ ဈေးကွက်တွင်ထိခိုက်ခဲ့ကြောင်း သိရှိရသည်။

**ဝင်းမြင့်ဦး**

## နန်နင်းကုန်စည်ပြပွဲအတွက် မြန်မာလုပ်ငန်းရှင်များအား တရုတ်ဖိတ်ခေါ်

တရုတ်နိုင်ငံ၊ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ နန်နင်းမြို့၌ စက်တင်ဘာလအတွင်းကျင်းပမည့် (၁၅) ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲတွင် အရည်အသွေးမီကုန်စည်များပြသရန် မြန်မာလုပ်ငန်းရှင်များကိုဖိတ်ခေါ်ကြောင်း တရုတ်-အာဆီယံကုန်စည်ပြပွဲဆိုင်ရာ အထွေထွေအတွင်းရေးမှူးရုံးမှ ဒုတိယအတွင်းရေးမှူး မစ္စတာကျမ်းကြုံကပြောသည်။

ယင်းကုန်စည်ပြပွဲတွင် အားသာချက်ရှိသော ရိုးရာထုတ်ကုန်များကို ဈေးကွက်သစ်ရှာဖွေရောင်းချခြင်းဖြင့် လက်ငင်းအကျိုးအမြတ်ရရှိစေရန်နှင့် ကုန်ထုတ်လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံမှုရှိစေရန် ရည်ရွယ်သည်ဟု ၎င်းကရှင်းပြသည်။

ကုန်စည်ပြပွဲတွင် မြန်မာ့ကျောက်မျက်နှင့် ကျောက်စိမ်းရိုးရာလက်မှုပစ္စည်းများ၊ မြန်မာ့လက်မှုပစ္စည်းများ၊ မြန်မာ့လက်ဖက်၊ ကော်ဖီထုတ်ကုန်များအတွက် ပြခန်းနေရာများစီစဉ်ပေးပြီး ရောင်းသူနှင့်ဝယ်သူအကြား တိုက်ရိုက်ထိတွေ့ချိတ်ဆက်နိုင်သော တွေ့ဆုံပွဲများအပြင် နည်းပညာပိုင်းနှင့်စီးပွားရေးလုပ်ငန်းများအတွက် အဆက်အသွယ်များ ရလာနိုင်သည်ဟုပြောသည်။ ယင်း (၁၅) ကြိမ်မြောက် နန်နင်းကုန်စည်ပြပွဲကို စက်တင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ နန်နင်းမြို့တွင်ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း (၂၀) ကျော်မှလာရောက်မည်ဖြစ်ကာ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များအနေဖြင့် သွားရောက်ပြသနိုင်ရေးအတွက် ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်းကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းသန်းကပြောကြားသည်။

ထို့ပြင် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ရန်ကုန်မြို့၊ မင်းဓမ္မလမ်းရှိ Myanmar Event Park ( MEP ) ခန်းမတွင် မေလအတွင်းကျင်းပရန်ရှိသည်ကို ထပ်မံသိရသည်။

**ဟိန်းသူ**

## ရွှေအိုရောင်မြန်မာ့ပုလဲများ အမြောက်အမြားထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများ လုပ်ဆောင်

ပြည်တွင်းသာမက ပြည်ပနိုင်ငံများကပါ လူကြိုက်များလျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းစုနှင့်ကော့သောင်းမြို့နယ်အတွင်းရှိ ကျွန်းများတွင် မွေးမြူထွက်ရှိသည့် တွင်းမှ ငွေရောင်ပုလဲနှင့်ရွှေအိုရောင်ပုလဲဟူ၍ နှစ်မျိုးထွက်ရှိရာ ရွှေအိုရောင်သည် ရောင်းအားအကောင်းဆုံးဖြစ်ကာ ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစားဝယ်ယူအားပေး လည်ရောင်းချနိုင်ရန် လာရောက်ဝယ်ယူသူများလာကြောင်း မြိတ်မြို့ရှိ Royal Pearl မြန်မာ့ပုလဲနှင့်စိန်ရတနာရောင်းဝယ်ရေးဆိုင်မှ သိရသည်။



မြန်မာ့ရွှေအိုရောင်ပုလဲများကို အမြောက်အမြားထုတ်လုပ်နိုင်ရန် သုတေသနလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအ မှုများလာပြီး အများအားဖြင့် အာရှနိုင်ငံများမှဝယ်ယူသူများကြောင်း၊ ထို့ပြင် အရည်အသွေးပိုင်းမှာလည်း စိတ်ချရသည့်အတွက် ပြည်တွင်းအရောင်းဆိုင်များ၌လည်း တစ်ဆင့်ပြန်

မြိတ်ကျွန်းစုဒေသထွက် ရွှေအိုရောင်မြန်မာ့ပုလဲကို ကမ္ဘာ့နိုင်ငံအများစုက စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကာ အာရှနှင့်ဥရောပနိုင်ငံအများစုမှကုန်သည်များ လာရောက်ဝယ်ယူကြကြောင်း၊ ဝယ်ယူမှုအများဆုံးနိုင်ငံများမှာ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ အိန္ဒိယ၊ ထိုင်း၊ ကနေဒါနှင့်အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**စံမျိုးထက်**

ဝန်ထမ်းဘဝမှာ အထက်လူကြီးရဲ့ပြုံပြင်မှု၊ အထင်လွဲမှုတွေကို ဖြိုဖျက်စီးဒသာညံ့သောကာလတွေမှာ ကြုံရတတ်တာ ဓမ္မတာပါပဲ။ ကိုယ်ကိုယ်တိုင် ဦးဆောင်သူနေရာက တာဝန်ယူရပ်တည်ရတဲ့အခါမျိုးမှာလည်း သူတို့လုပ်ရည်ကိုင်ရည် ညံ့လို့လား၊ သူတို့ကိုယ်တိုင်က ကံဇာတာညံ့နေလို့လား၊ ကိုယ်ပဲ စိတ်ပင်ပန်းရမယ့်ကာလမို့လား မသိ။ စိတ်တိုင်းမကျစရာ၊ ခေါင်းကိုက်စရာ နောက်လိုက်မျိုးနဲ့တွဲ လုပ်ခဲ့ရတာမျိုးလည်း ကြုံဖူးကြမှာပါ။

ကျွန်မတို့အလုပ်စဝင်ခါစမှာ သူငယ်ချင်း (၄) ယောက်ကို ဌာန (၂) ခုခွဲပြီး (၂) ယောက်စီပို့လိုက်တဲ့အချိန်မှာ ကျွန်မရောက်တဲ့ဌာနက လူကြီးတွေက အလွန်အေး၊ အလွန်သဘောကောင်း၊ ဌာနကလည်းအလုပ်ပါးတဲ့ဌာနမို့ လွတ်လပ်ရေးရနေတဲ့အချိန်မှာ ကျန်တဲ့ (၂) ယောက်ကတော့ စည်းကမ်းတင်းကျပ်ပြီး အလုပ်ကိုအစီအစဉ်တကျမနားရအောင် တာဝန်ပေးတတ်တဲ့ဌာနကိုရောက်သွားပါတယ်။ အဲဒီအချိန်ကတော့ ကိုယ့်ကိုယ်ကိုယ် ငါတို့တယ်ကံကောင်းပါလားလို့ ထင်မိပါတယ်။ ဒါပေမဲ့ အခုလိုအသက်အရွယ်နဲ့ လုပ်ငန်းအတွေ့အကြုံရလာတဲ့အချိန်မှာတော့ ဝန်ထမ်းအသစ်တွေကိုစည်းကမ်းရှိပြီး အလုပ်များများသင်ပေးတတ်တဲ့ အုပ်ချုပ်မှုနိုင်နင်းတဲ့ ဌာနခွဲကို ပို့သင့်တယ်လို့ယူဆမိပါတယ်။

ကံကောင်းချင်လို့လား၊ ကံဆိုးချင်လို့လားတော့ မသိပါဘူး။ ကျွန်မ DA Part ( 1 ) အောင်တဲ့နှစ်မှာ ဘဏ္ဍာရေးကိုရာထူးတိုးနဲ့ရောက်ခဲ့ပြီး ရုံးအဖွဲ့တာဝန်ယူရတဲ့အချိန်မှာ ဗေဒင်လေးကလည်း မတောက်တခေါက်တတ်နေပါပြီ။ အဲဒီအချိန်က ဘဏ္ဍာရေးနဲ့ငွေစာရင်းက (၂) လိုင်းကွဲနေပြီး ကိုယ့်ဦးစီးဌာနရဲ့ လစာ၊ Over time၊ အသုံးစရိတ်တွေကိုတွက်တဲ့ ငွေစာရင်းဌာနခွဲက အုပ်ချုပ်ရေးဌာန ညွှန်ကြားရေးမှူးကွပ်ကဲမှုအောက်မှာရှိနေပြီး ဝန်ကြီးဌာနတစ်ခုလုံးရဲ့ ဘတ်ဂျက်၊ ကုန်သွယ်မှုစာရင်း၊ ငွေသားစာရင်းတွေကို ပြင်ပအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်လုပ်ကိုင်ရတဲ့ ဘဏ္ဍာရေးဌာနက သီးသန့်ရှိပါတယ်။ လုပ်ထုံးလုပ်နည်းတွေတည့်မတ်အောင် ဖွဲ့စည်းပုံပြင်တဲ့အချိန်မှာ ငွေစာရင်းဌာနကို ဘဏ္ဍာရေးဌာနအုပ်ချုပ်မှု အောက်ကို သွတ်သွင်းပါတယ်။ ငွေစာရင်းဌာနက လက်ထောက်ညွှန်ကြားရေးမှူးတွေက ဘဏ္ဍာရေးဌာနနဲ့ပေါင်းရမယ်ဆိုတော့ လုပ်ငန်းသဘောချင်းမတူတာလေးတွေရယ်၊ စိတ်ဆိုးရင် Case နဲ့ ပစ်ပေါက်တတ်တဲ့ ညွှန်ကြားရေးမှူးကို သတင်းကြားနဲ့ ကြောက်တာရယ်ကြောင့် မသွားချင်ကြပါဘူး။ ကြိုတင်သတင်းပို့ဆောင်ရေးသမားတွေကလည်း ညွှန်ကြားရေးမှူးကို 'သူတို့က မမဌာနကို မလာချင်ကြဘူး' လို့ အမှန်အတိုင်း သတင်းပို့တော်မူကြပါတယ်။

အဲဒီလိုသတင်းပို့ကောင်းတွေကြောင့်လည်း ငွေစာရင်းက အသစ်ရောက်လာတဲ့ လက်ထောက်ညွှန်ကြားရေးမှူး (အန်တီသန်း- နောင် ကျွန်မတို့ Section Head ) လုပ်ကိုင်သမျှကို ဘဏ္ဍာရေးညွှန်ကြားရေးမှူးက စိတ်တိုင်းမကျပါဘူး။ သူ့ငွေစာရင်းဌာနမှာ တစ်ရုံးလုံးရဲ့လိုအပ်ချက်တွေကို အမြဲပြုံးပြုံးလေးနဲ့ ကူညီအကြံပေးတတ်တဲ့ အန်တီသန်းက ဒီဌာနမှာတော့

# စိတ်ဆိုး ရယ် ပြေစေသော်



**ထက်နွယ်လင်း**

Nature အသစ်ကလည်း ဖြစ်နေ အထက်လူကြီးရဲ့အထင်မြင်လွဲမှုအခံကလည်းရှိနေတော့ သူ့မှာမုန့်ဟင်းခါးခဏခဏစားနေရလို့ မျက်ရည်တစမ်းစမ်းနဲ့ပါပဲ။ 'နွယ်နွယ်ရေ လုပ်ပါဦး။ အန်တီသန်း ဘယ်လိုယတြာချေရင်ကောင်းမလဲ' လို့မေးယူရတဲ့အထိပါပဲ။

ကံကောင်းချင်တာလားတော့ မသိပါဘူး။ အဲဒီအချိန်မှာ ကျွန်မရထားတဲ့ဗေဒင်ကျမ်းတစ်ခုဖြစ်တဲ့ (ဗေဒမကုဋ္ဌမာလာခေါ် ဗေဒင်ခေါင်း ဆောင်ကျမ်းမှာ) မင်းစိုးရာဇာအရပ်ရပ်စိတ်ဆိုးပြေစေသော ယတြာလို့ပါပါတယ်။ (အသေးစိတ်ကျမ်းပါ အတိုင်း ကူးယူဖော်ပြလိုက်ပါတယ်။)

***မင်းစိုးရာဇာအရပ်ရပ် စိတ်ဆိုးပြေစေရန်***

***ခါတ်စတုရန်းရိုက်နည်း***

၁ - နဂ်ေနွေသားစိတ်ဆိုးပြေစေလိုသော် ရဲယိုသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၂ - လာသားစိတ်ဆိုးပြေစေလိုသော် ပေါက်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၃ - ဂ်ါသားစိတ်ဆိုးပြေစေလိုသော် သံသတ် (သို့) သီဟိုဠ်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၄ - ဟူးသားစိတ်ဆိုးပြေစေလိုသော် ထန်း (သို့) ထိန်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၅ - တေးသားစိတ်ဆိုးပြေစေလိုသော် အင်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၆ - ကြာသားစိတ်ဆိုးပြေစေလိုသော် ကံ့ကော်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

စနေသားစိတ်ဆိုးပြေစေလိုသော် ဆီးသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

***တစ်နည်းတြိရန်းစတုရန်းရိုက်နည်း***

၁ - နဂ်ေနွေသားစိတ်ဆိုးပြေစေလိုသော် ဇလပ်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၂ - လာသားစိတ်ဆိုးပြေစေလိုသော် ယင်းမာသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၃ - ဂ်ါသားစိတ်ဆိုးပြေစေလိုသော် ဘက်သန်းသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၄ - ဟူးသားစိတ်ဆိုးပြေစေလိုသော် သနတ်သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၅ - တေးသားစိတ်ဆိုးပြေစေလိုသော် ထအောင်းသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

၆ - ကြာသားစိတ်ဆိုးပြေစေလိုသော် အင်ကြင်းသားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

စနေသားစိတ်ဆိုးပြေစေလိုသော် ကဇော့သားကို မိမိအလယ်လက်တစ်ဆစ်တိုင်းဖြတ်၍ဆောင်။

ညွှန်ကြားရေးမှူးက နေ့သင့်နံသင့်နာမည်မှဲ့ထားတဲ့သူမို့ အင်္ဂါသမီးပါ။ သူ့နေ့နံအရ စတုရန်းကျတဲ့သီဟိုဠ်ညွှန့်ကို အန်တီသန်းရဲ့လက်တစ်ဆစ်တိုင်းဖြတ်ပြီး ဆံထုံးမှာဆောင်ခိုင်းလိုက်ပါတယ်။

ကြည့်နေရင်း ကြည့်နေရင်းနဲ့ သူတို့နှစ်ယောက်ဟာ အရမ်းကိုအဆင်ပြေနေတာ တွေ့ရပါတယ်။ ညွှန်ကြားရေးမှူးက သူ့အခန်းမှာတောင် သူမထိုင်တော့ပါဘူး။ အန်တီသန်းရဲ့စားပွဲရှေ့မှာပဲ လာထိုင်ပါတယ်။ ထမင်းစားရင်လည်း အန်တီသန်းနဲ့ပဲစားပါတယ်။ တခြားရုံးတွေကို ရုံးကိစ္စနဲ့သွားရင်လည်း အန်တီသန်းကိုပဲခေါ်သွားပါတယ်။ ပင်စင်ယူတဲ့အချိန်ထိ တစ်ပူးတွဲတွဲပါပဲ။ ကျွန်မစိတ်ထဲမှာတော့ တော်တော်စွမ်းတာပဲ။ တိုက်ဆိုင်တာလားလို့တောင် တွေးမိပါတယ်။ ဒါကြောင့် တော်တော်စွမ်းတဲ့ယတြာကို ပညာမျှဝေလိုက်ပါတယ်။

ကျွန်မကတော့ ခုချိန်ထိ ဒီယတြာကိုမသုံးဖြစ်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ လူကြီးကချစ်လွန်းရင်လည်း တစ်ချိန်လုံးခေါ်တိုင်ပင်နေမယ်။ ဒါမှမဟုတ်လည်း တစ်ချိန်လုံး ကိုယ့်စားပွဲမှာပဲ လာစကားပြောနေမယ်ဆိုရင်တော့ အလုပ်တွေအိမ်ယူလုပ်မှပြီးမှာပါ။ အန်တီသန်းအိမ်ပြန်ရင် အလုပ်ထုပ်တွေအမြဲပါသွားပါတယ်။ 'နွယ်နွယ်ရေ အန်တီသန်းဘယ်လိုလုပ်ရင်ကောင်းမလဲ။ ရုံးမှာအလုပ်တွေ မပြီးတော့ဘူး' လို့ပြောရှာပါတယ်။ သူကတော့ အိမ်မှာအခြေအရံတွေရှိတော့ အလုပ်တွေမပြီးလည်း အိမ်ယူလုပ်ရင်ဖြစ်ပါတယ်။ ကျွန်မကတော့ သူ့လိုအခြေအရံမရှိတော့ ရုံးအလုပ်တွေ ရုံးမှာအချိန်မီပြီးအောင် လိုအပ်ရင်အိုဗာတိုင်ဆင်းပြီး လုပ်ရပါတယ်။

အခုတော့သူတို့နှစ်ယောက်မှာ တစ်ယောက်ကတော့ဆုံးသွားရှာပါပြီ။ ဘယ်လိုပဲ အခန့်မသင့်တဲ့အခါ ဆူပြောတာရှိပေမယ့် တပည့်တွေနဲ့ရင်းရင်းနှီးနှီးနေပြီး အတွင်းမနောကောင်းတာမို့ ကျွန်မတို့နေပြည်တော်ပြောင်းလာလို့ ညွှန်ကြားရေးမှူးဟောင်းရဲ့ နောက်ဆုံးခရီးကိုမသွားဖြစ်ပေမယ့် ဝမ်းနည်းကြောင်း တပည့်ဟောင်းတွေစုပြီး သတင်းစာထဲမှာထည့်ဖြစ်ပါတယ်။

ကျွန်မဆရာမအန်တီသန်းကတော့ သူ့ရဲ့တစ်ဦးတည်းသောသမီး တာဝန်ကျရာအမေရိကန်ပြည်ထောင်စုမှာ ရောက်နေတယ်ကြားပါတယ်။

ဒီတစ်ပတ်အတွက်တော့ လိုအပ်ရင်အသုံးပြုနိုင်အောင် ဝန်ထမ်းဘဝရဲ့ အမှတ်ရစရာလေးတစ်ခုကို အခြေပြုလို့ အမှတ်တရယတြာလေးတစ်ခု ပေးလိုက်ပါတယ်။

**စမ်းလိုအေးမြ၍ ပန်းလိုမွှေးကြပါစေ**

## ပဲခူးတိုင်းရှိမြို့နယ်များကို ဘက်ဟိုးနှင့်မြေသယ်ယာဉ် (၁၃၀) ကျော် ခွဲဝေပေးမည်



ပဲခူးတိုင်း၊ မြို့နယ် (၂၈) ခုရှိ စည်ပင်သာယာရေးအဖွဲ့များထံ ပဲခူးတိုင်းအစိုးရအဖွဲ့ရန်ပုံငွေဖြင့် တင်ဒါခေါ်ယူပြီး ဘက်ဟိုးယာဉ်အပါအဝင် မြေသယ်ခြင်း၊ အမှိုက်သိမ်းရာတွင် အသုံးပြုနိုင်မည့် မော်တော်ယာဉ် (၁၃၇) စီးကို ခွဲဝေပေးမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှသိရသည်။


တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါခေါ်ယူထားပြီးဖြစ်သည့်အတွက် အချို့ယာဉ်များရောက်ရှိနေပြီး မော်တော်ယာဉ်အားလုံးအတွက် ကုန်ကျစရိတ်စုစုပေါင်းမှာ ကျပ်သိန်းလေးသောင်းကျော်ရှိကြောင်း အဆိုပါအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါယာဉ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ဒါစနစ်ဖြင့် တင်သွင်းခဲ့ပြီး အမှိုက်ပုံးသေတ္တာပါသည့် ယာဉ်တစ်စင်းလျှင် ကျပ်သိန်း ၂၅၀ ဖြင့် (၁၃) စီး၊ မြေသယ်ယာဉ်တစ်စီးလျှင် ကျပ်သိန်း ၂၀၀ ဖြင့် (၉၆) စီး၊ ဘက်ဟိုးတစ်စီးလျှင် ကျပ် ၆၆၈ သိန်းဖြင့် (၂၈) စီးကို ၂၀၁၇ ခုနှစ်ခန့်က မှာယူတင်သွင်းခဲ့ကာ အချို့မော်တော်ယာဉ်များ ရောက်ရှိနေကြောင်း တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**စံမျိုးထက်**

## နှစ်သက်တမ်း (၅၀၀) ကျော်ရှိသော တောင်ငူကျုံးဟောင်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းသွားမည်

ပဲခူးတိုင်းအစိုးရဘတ်ဂျက် ကျပ် (၅) ဘီလီယံကိုအသုံးပြု၍ နှစ်သက်တမ်း (၅၀၀) ကျော်ရှိသော တောင်ငူခေတ်ကေတုမတီနန်းတော်ရာဟောင်း၏အပြင်ဘက်ရှိ ကျုံးဟောင်း (၉) ခုကို ပြန်လည်ပြုပြင်ထိန်းသိမ်းမည်ဖြစ်ကြောင်း တောင်ငူမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်ကပြောသည်။



လက်ရှိတွင် တောင်ငူမြို့ရပ်ကွက်များတွင် ရောက်ရှိနေသည့်ရှေးဟောင်းယဉ်ကျေးမှုလက်ရာ အဆောက်အအုံအချို့နှင့်ကျုံးဟောင်းများ၊ မြို့ရိုးတံခါးများကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပဲခူးဌာနခွဲ) တို့ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အဆိုပါဌာနထံမှသိရသည်။

အဆိုပါကျုံးဟောင်း (၉) ခုကို မြန်မာသက္ကရာဇ် ၈၇၂၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပန္နက်တင်ပြီး လောကီအစီအရင်များဖြင့် တောင်ငူဘုရင်မင်းကြီးညိုတည်ထောင်ခဲ့သည့် တောင်ငူ (ကေတုမတီ) မြို့ဟောင်းပတ်ပတ်လည်၌ ၁၁၈. ၆ ဧကခန့်ဖြင့် ဆောက်လုပ်ခဲ့ပြီး လတ်တလောအရှေ့ဘက်နှင့်တောင်ဘက်ရှိ ကျုံးဟောင်းများကို ပြန်လည်တူးဖော်ကာ ဝန်ထမ်းသက်သာရန်ပုံငွေအဖြစ် ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုထားသည်။

**ရန်ဖြိုးသိမ်း**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

***အပူဒဏ်အန္တရာယ်သတိပြုဖွယ်***

ကာယလုပ်သားများ၊ လယ်သမားများ၊ အငှားယာဉ်မောင်းသူများ၊ အားကစားသမားများနှင့် နေရောင်အောက်တွင် သွားလာလှုပ်ရှားနေရသူများ

၁။ **ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။**

၂။ **ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် မကြာခဏအနားယူပါ။**

၃။ **အဖြူရောင် (သို့) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## သီဟိုဠ်စေ့အထွက်နည်းသဖြင့် အဝယ်ဈေးမြင့်နေ

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်ရှိ မြို့နယ်များမှထွက်သော သီဟိုဠ်စေ့အဝယ်နှုန်းမှာ ယခင်နှစ်ထက်အဝယ်ဈေးမြင့်နေကြောင်း သီဟိုဠ်စေ့ရောင်းဝယ်သူများထံမှ သိရသည်။

ယခုနှစ်တွင် သီဟိုဠ်စေ့အထွက်နည်းသဖြင့် ဆယ်ပိဿာလျှင် ကျပ်လေးသောင်းခန့်ဖြင့် ဝယ်ယူရပြီး ယခင်နှစ်က သီဟိုဠ်စေ့အဖွင့်ဝယ်ဈေး ဆယ်ပိဿာလျှင် ကျပ်နှစ်သောင်းရှစ်ထောင်ရှိကြောင်း၊ သီဟိုဠ်စေ့ဝယ်နိုင်သည့် မတ်လနှင့်ဧပြီလတွင် နှစ်စဉ်ကုန်ချိန်၏ထက်ဝက်ခန့်သာရရှိကြောင်း၊ ဧပြီလလယ် သင်္ကြန်ကာလပြီးနောက်ပိုင်းထွက်ရှိသည့် သီဟိုဠ်စေ့များမှာ အရည်အသွေးညံ့လာသောကြောင့် အဝယ်ဈေးတစ်ပိဿာလျှင် ကျပ်သုံးထောင်နှုန်းအောက်သို့ လျော့လာနိုင်ကြောင်း ပုသိမ်မြို့ရှိ သီဟိုဠ်စေ့အဝယ်ဒိုင်များထံမှ သိရသည်။

**သိန်းနွယ်ဦး**

ယခင်နှစ်မတ်လကုန်တွင် ကုန်ချိန်တစ်သိန်းကျော် ဝယ်ခဲ့ပြီးသော်လည်း ယခုနှစ်တွင် ကုန်ချိန်သောင်းဂဏန်းလောက်သာရှိတော့ကြောင်း၊ သီဟိုဠ်စေ့အခွံကို အိန္ဒိယနိုင်ငံကိုယ်စားလှယ်ပွဲစားများမှတစ်ဆင့် ပိဿာချိန်တစ်ရာလျှင် ကျပ် (၃,၅၀၀) ဖြင့် ဝယ်ယူကြောင်း ပုသိမ်မြို့ရှိအောင်ထက်ပိုင် သီဟိုဠ်စေ့ရောင်းဝယ်ရေးဒိုင်မှသိရသည်။

သီဟိုဠ်ပင်များမှာ ဒီဇင်ဘာလနှင့်ဇန်နဝါရီလတွင် အပွင့်ပွင့်ကာမျိုးအောင်ရမည့်အချိန်ဖြစ်သော်လည်း ဖေဖော်ဝါရီလတွင် ဆီးနှင်းအလွန်အကျွံကျပြီး နှင်းခါးရိုက်ခံရသဖြင့် အသီးမအောင်ကာ အထွက်နှုန်းထက်ဝက်ခန့်လျော့ကျခဲ့ကြောင်း၊ အချို့သီဟိုဠ်ခြံများမှာ အသီးမသီးသည်များနှင့်လည်း ကြုံရကြောင်း သီဟိုဠ်စိုက်တောင်သူများထံမှ သိရသည်။



စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# Chevrolet Traxနှင့် Chevrolet Tahoe မော်ဒယ်သစ် (၂) မျိုးမိတ်ဆက်

အမေရိကန်အမှတ်တံဆိပ် Chevrolet ကားများကို တရားဝင် တင်သွင်းဖြန့်ချိနေသော Pacific Alpine Myanmar ကုမ္ပဏီမှ ၂၀၁၈ မော်ဒယ် SUV အမျိုးအစားဖြစ်သည့် Chevrolet Trax နှင့် Chevrolet Tahoe မော်ဒယ်သစ်ကား (၂) စီးကို မတ်လ ၂၄ ရက်နေ့ ည ၇ နာရီက ရန်ကုန်မြို့ရှိ Chevrolet ၏ S3 အရောင်းစင်တာ၌ မိတ်ဆက်ပြသခဲ့သည်။ Chevrolet Trax မော်ဒယ်ကားသည် Subcompact Cross-over SUV ဖြစ်ပြီး (၁.၄) လီတာ (တာဘို) လေးလုံးထိုး Eco Tech အင်ဂျင်ကိုတပ်ဆင်ပေးထားပြီး Chevrolet Tahoe မော်တော်ကားကမူ Full Size SUV အမျိုးအစားဖြစ်ကာ (၅.၃) လီတာ V8 အင်ဂျင်ကို တပ်ဆင်ပေးထားကြောင်းသိရသည်။




၂၀၁၈ မော်ဒယ် Chevrolet Trax ကားသည် ပေါ့ပါးသွက်လက်သည့်အသွင်အပြင် ခေတ်မီအင်္ဂါအသက်တွေကို ပိုင်ဆိုင်ထားပြီး အမျိုးအစားတူတွေထဲတွင် အံ့မခန်းကျယ်ဝန်းသည့်အတွင်းခန်းတည်ဆောက်ထားပြီး (၇) လက်မအရွယ်အစားရှိ ဖျော်ဖြေရေးနှင့် သတင်းအချက်အလက်ပြ မျက်နှာပြင်နှင့်အတူ Apple Car Play နှင့် Andirod Audio တို့ကဲ့သို့ တယ်လီဖုန်းနှင့်ချိတ်ဆက်အသုံးပြုနိုင်သည့် Chevrolet Infotainment System ကတော့ Standard အနေနဲ့ပါဝင်လာမှာဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းပညာတွေလည်း ပါဝင်တဲ့အတွက် လူကြိုက်များလာတဲ့ အမျိုးအစားလည်းဖြစ်သည်။

Trax မှာတပ်ဆင်ထားတဲ့ ဆလင်ဒါလေးလုံးထိုး (၁.၄) လီတာ တာဘိုအင်ဂျင်ကို အော်တိုမက်တစ်ဂီယာ (၆) ချက်နဲ့တွဲဖက်ထားပြီး မြင်းကောင်ရေ (၁၄၀) နီးပါးထုတ်လွှတ်ပေးနိုင်တဲ့အတွက် စွမ်းဆောင်ရည်အပိုင်းမှာတော့ ပြောစရာမလိုတဲ့ ကားတစ်စီးဖြစ်သည်။ Trax ကားရဲ့ မျက်နှာစာမှာ Dual-Port Grille အသစ်ကို ရှေ့မီးလုံးနှင့်ဆက်သွယ်ပေးထားပြီး မီးခွက်တွေက Fender ထဲဝင်သွားတဲ့ပုံစံမျိုးဖန်တီးထားသည်။ Halogen Projector ရှေ့မီးကြီးတွေကို LED နေ့ဘက်လင်းမီးတန်းနဲ့ ပေါင်းစပ်ထားပြီး Fog Lamp ကိုလည်း Chrome နဲ့အနားကွပ်ထားသည့်အတွက် ရုပ်ထွက်ကိုပိုကြွစေပါသည်။ နောက်ဖက်ပိုင်းမှာလည်း နှစ်ထပ်ပုံစံမီးခွက်တွေ တပ်ဆင်ပေးထားပြီး ဘီးအရွယ်အစားကတော့ ၁၈ လက်မရှိပြီး Alloy ခွေတွေနဲ့တွဲဖက်တပ်ဆင်ပေးထားသည်။ Chevrolet ရဲ့ Dual Cockoit ဒီဇိုင်း Dashbord က နေရာတကျအတွင်းခန်းကို ကျယ်ဝန်းအောင် ဖန်တီးပေးထားပြီး Instrument Panel လည်း ဒီဇိုင်းအသစ်ဖြစ်ပါသည်။ (၇) လက်မအရွယ် My Link ရောင်စုံထိတွေ့မျက်နှာပြင်ကို ဒီဇိုင်းအသစ် Center Instrument Panel မှာတပ်ဆင်ပေးထားသည်။ ဒီဇိုင်းဆန်းသစ်တဲ့အချက်ပြဒိုင်ခွက်ကလည်း ဆွဲဆောင်မှုရှိနေပြီး Digital စနစ် Driver Information Center လည်း တစ်ပါတည်းပါဝင်လာပါသည်။ မတော်တဆယာဉ်အန္တရာယ်မှကာကွယ်ပေးနိုင်မယ့် Safety Air Bag တွေ (၆) လုံးအထိတပ်ဆင်ပေးထားပြီး ကားကိုယ်ထည်ကိုလည်း တောင့်တင်းခိုင်မာတဲ့ Steel Structure နဲ့တည်ဆောက်ပေးထားတဲ့အတွက် စိတ်ချယုံကြည်စွာ စီးနင်းနိုင်တဲ့ကားတစ်စီးဖြစ်သည်။ Chevrolet Tahoe ကားကတော့ လမ်းအမျိုးအစားမရွေးမောင်းနှင်နိုင်သည့် ဆိုဒ်အပြည့် SUV အမျိုးအစား (၇) ယောက်စီးကို ပြီးပြည့်စုံသည့်ဒီဇိုင်းအသစ်၊ နောက်ဆုံးပေါ်နည်းပညာ၊ ကောင်းမွန်သောစွမ်းဆောင်ရည်၊ သက်တောင့်သက်သာရှိစေမည့် Fuatuer များပေါင်းစပ်ကာ ထုတ်လုပ်ထားပြီး Chevrolet Suburban နဲ့အမျိုးအစားတူ၊ ပုံစံတူဖြစ်ကာ အလျားအနည်းငယ်တိုကာ Chevrolet Tahoe မှာလည်း Chevrolet Suburban ကဲ့သို့ ရောင်းအားမြင့်မော်ဒယ်တစ်ခုဖြစ်သည်။

ကားအလေးချိန်ကိုလျှော့ကျစေရန်ခိုင်ခံ့ပေါ့ပါးသော အလူမီနီယံစက်ဖုံးနှင့်နောက်ဖုံးတို့ကို တပ်ဆင်ထားသည်။ မျက်နှာစာမှာလည်း နေ့ဘက်လင်းမီးစနစ်၊ Projector ရှေ့မီးကြီးနှင့်အတူ Chevrolet ရဲ့ ပင်ကိုယ်ဟန်ပြောင်လက်နေတဲ့ ခရိုမီယမ်နှစ်ထပ်ရဲ့ ( Grille ) နှင့်တွဲဆက်ထားပြီး Eco Tec 3 နည်းပညာကို အသုံးပြုထားတဲ့ (၅.၃) လီတာသုံး V8 အင်ဂျင်ကိုတပ်ဆင်ထားကာ ရုန်းအား (၃၈၃) ပေါင်တွင် စွမ်းအင်ထုတ်လုပ်နိုင်မှု မြင်းကောင်ရေ (၃၅၅) ကောင်အားရှိသည်။ Power Steering စနစ်မဟုတ်ဘဲ Telescoping Steering လို့ခေါ်နိုင်မယ့် ပေါ့ပါးပြီး အလိုအလျောက်ထိန်းချုပ်ကူညီစနစ်ပါတဲ့ လက်ကိုင်ခွေ၊ လက်ကိုင်ဘီးကို အပူပေးသည့်စနစ်၊ အနေအထား (၁၀) မျိုးအထိ ချိန်ညှိနိုင်မည့် Electronic Power Adjust ပါဝင်တဲ့ ရှေ့ထိုင်ခုံများ၊ နောက်ဘက်ခုံတန်းတွေကို ခလုတ်နဲ့အချိန်ပိုင်းအတွင်း ခေါက်နိုင်တဲ့စနစ်တို့ ပါဝင်သည်။ မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူတွေအတွက် သက်တောင့်သက်သာရှိမှုကို အလေးပေးဖန်တီးထားတဲ့အပူအအေးပေးနိုင်တဲ့ ခွက်ပုံစံချိုးထားတဲ့ထိုင်ခုံများက ခရီးသည်ကိုထိုင်ခုံပေါ်မှာ အံကျဖြစ်နေစေသည်။

၂၀၁၈ မော်ဒယ် Chevrolet Tahoe မှာ အသက်ကယ်လေအိတ် (၆) ခုတပ်ဆင်ထားပြီး မှန်အာရုံခံလုံခြုံရေးစနစ်၊ ရွေ့လျားမှုခန့်မှန်းစနစ်တွေ၊ ဘီးတာယာတွေကိုခိုးယူမှုရှိလျှင်ဖြစ်စေ၊ ကားတစ်စီးလုံးအားဆွဲယူခံရခြင်း (သို့) ယူခံရပါက အသံအချက်ပေးစနစ် အစရှိသောလုံခြုံရေးစနစ်များကိုလည်း တပ်ဆင်ထားကြောင်းသိရသည်။

အဆိုပါ Chevrolet Myanmar ကို ၂၀၁၃ ခုနှစ်၊ ဧပြီလတွင် AA Medical Group နှင့် Alpine Group Singapore တို့မှအကျိုးတူပူးပေါင်းကာ Pacifi Alpine Company အနေဖြင့် စတင်တည်ထောင်ခဲ့သည်။ Pacific Alpine Company သည် မြန်မာနိုင်ငံအတွက် Chevrolet ကားများကို တရားဝင်တင်သွင်းဖြန့်ချိခွင့်ရရှိထားပြီး မြန်မာနိုင်ငံဈေးကွက်အတွက် အိမ်စီးကားအမျိုးအစားများဖြစ်သည့် Spark, Sail, Spin, Oriando, Malibu အစရှိသော အိမ်စီးကားအမျိုးအစားများ၊ မိသားစုကျယ်ကျယ်ဝန်းဝန်းစီးနိုင်မည့် Trax, Captive, Trailblazer, Tahoe, Suburban အစရှိသော SUV အမျိုးအစားကားများ၊ လုပ်ငန်းသုံးရောအိမ်သုံးပါအသုံးပြုနိုင်မည့် Colorado Pick Up ကားများကို တင်သွင်းထားပြီး Pacific Alpine Myanmar အနေနှင့် အရည်အသွေးကောင်းမွန်ပြီး စွမ်းဆောင်ရည်ပြည့်ကာ ဆီစားနှုန်းသက်သာသောကားများကို တင်သွင်းရောင်းချပေးနေပြီး After Sales Service ပိုင်းတွင်လည်း Customer များအတွက် အကောင်းဆုံးဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်းသိရှိရသည်။

**KMC**



# မြန်မာနှစ်သစ်ကူးဆုတောင်းလွှာ

မြန်မာနှစ်သစ် အခါသမယတွင် မိတ်ဟောင်း၊ မိတ်သစ်များနှင့်တကွ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး

ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့်

အလုပ်အကိုင်၊ စီးပွားလာဘ်လာဘများ တိုးပွားပါစေကြောင်း၊ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**SUPER MEGA ENGINEERING CO., LTD.** One Stop Electrical Equipment/Material Supply & Service for Substation, Building, Factory, Transmission & Distribution Over Head Line.

Plot 193/197, Shu Khin Thar St., Industrial Zone, North Okkalapa T/S, Yangon. Ph : 951 9691844~5, 959 5004525.

**FUTAMI-MEGA ENGINEERING Co., Ltd.** One Stop Metal Fabrication and Hot Dip Galvanizing.

No. 94, Sethmu (2) Road, Steel Industrial Zone, Myaungdagar, Hmawbi T/S, Yangon. Ph : 959 799505716, 959 5004525

KSB PUMPS & VALVES + HST SERVICES

Han Sein Thant

# Han Sein Thant Engineering
## Industrial Pump, Valve & Tank




Yangon Head Office : Bld (112), Room (28/29), Pyay Road, 8th Mile Junction, Mayangone Township, Yangon.
Tel: 01-650 488, 661 030, 651 251, 09 50 13421, 09 51 02352, 09 51 21830
Fax : 01-661030
Email : hst@myanmar.com.mm, james.purity@gmail.com
Web Site : www.hstpump.com
Nay Pyi Taw Office : No.61, Thiriyadana Shopping Complex, Zubu Thiri Township, Nay Pyi Taw.
Tel: 067-420 849, 09 49 255 252
Mandalay Office : Bld (1), Room (8), 26th Road, Between 78th & 79th Street, Chan Mya Thar Si Township, Mandalay. Tel: 02-69897, 09 20 23047, 09 49 25 5248



JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ
စိတ်ကြိုက်ရွေးချယ်ဖို့ JPM နဲ့ဆက်သွယ်စို့...
HOT LINE
09 253008800
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22




MGT
Complete
Telecomunication
Solutions
Building No.4, Room 5, MICT Park, Hlaing Campus Yangon, Myanmar.
09 966668312, 09 966668313, 09 966668321




WIT Plastic Industry
WIT မှထုတ်လုပ်သော ပစ္စည်းများမှာ
- အိမ်တွင်း၊ အိမ်ပြင် စိုက်ပျိုးနိုင်သော ပလတ်စတစ် ပန်းအိုးအမျိုးမျိုး၊
- ဥယျာဉ်ခြံမြေ နှင့် စိုက်ပျိုးခင်းသုံး ရေဖျန်းကရားအမျိုးမျိုး၊ စပါးပျိုးဗန်း၊
- ဆေးဘူးအမျိုးမျိုးနှင့် အခြားလုပ်ငန်းသုံး၊ အိမ်သုံးပစ္စည်းအမျိုးမျိုး၊
ရက်ချိန်းမှန်ကန်ခြင်း၊
ပစ္စည်းအရည်အသွေးကောင်းမွန်ခြင်း၊
ဈေးနှုန်းချိုသာခြင်း၊
အရောက်ပို့စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်း၊
အထူးဝန်ဆောင်မှုတစ်ရပ်အနေဖြင့် လူကြီးမင်းတို့နှစ်သက်ရာ ကုန်ပစ္စည်းများကိုလည်း
ကုန်ကြမ်းပေးကုန်ချောယူစနစ်ဖြင့် စိတ်တိုင်းကျ ထုတ်လုပ်ဆောင်ရွက်ပေးပါသည်။
စပါးပျိုးဗန်း
OFFICE & FACTORY
No. 164, Mawlamyaing St., Block No. 23, Industrial Zone No. 1, South Dagon Tsp., Yangon, The Republic of The Union of Myanmar.
Tel: 01 565245 HP: 09 5123715, 09 450064397 E-mail: waimielinn@gmail.com
HOTLINE: 09 250067785











KIA
The Power to Surprise

7 YEAR
150,000 KM
WARRANTY*

KiaMyanmar

Hot line: 09 731 80000, 09 97700 8888

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အထည်စက်ရုံ (၅) ရုံအတွက် ပြည်ပဝါဂွမ်းအဆင့်-A (၃၀၀) မ/တန်နှင့် အဆင့်-B (၂၀၀) မ/တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

***တင်ဒါပုံစံရောင်းချမည့်ရက်*** - *(၉. ၄. ၂၀၁၈) ရက်နေ့*

***နေရာ*** - *စီမံရေးဌာန၊*
*အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း*
*ရုံးအမှတ် (၃၇) နေပြည်တော်။*
*အထည်အလိပ်လုပ်ငန်းရုံးခွဲ၊*
*အမှတ် (၁) သုခဝတီလမ်း*
*(၆) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။*
*ဖုန်း-၀၁-၅၅၄၁၇၁၊ ၀၁-၅၄၄၁၂၂*

***တင်ဒါပိတ်မည့်ရက်*** - *(၉. ၅. ၂၀၁၈) ရက်နေ့*

အသေးစိတ်အချက်အလက်များအား အောက်ပါနေရာတွင် ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၇)၊ နေပြည်တော်။ ဖုန်း-၀၆၇၃-၄၀၈၁၈၅၊ ၀၆၇၃-၄၀၈၃၃၈**

## မြန်မာ့ဆေးဝါးလုပ်ငန်း
## Refined Sugar (၆၇) တန် အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| **ပစ္စည်းအမည်** | **အရေအတွက်** |
|---|---|
| **Refined Sugar** | ၆၇ တန် |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ***(၈. ၅. ၂၀၁၈) ရက်နေ့၊ မွန်းလွဲ (၄း၀၀) နာရီ***

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ***ဆေးဝါးစက်ရုံ (အင်းစိန်)***

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ***ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန နေပြည်တော်။***

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

***မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)***
***ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန***
***နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၈၃၈၈***

## မြန်မာ့ဆေးဝါးလုပ်ငန်း
## Carton Box (၇) မျိုး အဝယ်တင်ဒါ

*၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်*

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | ( 440x335x270 ) mm ( 5 ply) | ၂၀,၈၀၀ ခု |
| (ခ) | ( 330x275x235 ) mm ( 5 ply) | ၁၄၀,၀၀၀ ခု |
| (ဂ) | ( 350x320x125 ) mm ( 3 ply) | ၆၀,၀၀၀ ခု |
| (ဃ) | ( 420x270x130) mm ( 3 ply) | ၃၇,၀၀၀ ခု |
| (င) | ( 390x310x180 ) mm ( 5 ply) | ၃၀,၀၀၀ ခု |
| (စ) | ( 390x290x95 ) mm ( 3 ply) | ၉၀,၀၀၀ ခု |
| (ဆ) | ( 415x225x75 ) mm ( 3 ply) | ၁၁၅,၀၀၀ ခု |

*၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၃၀. ၄. ၂၀၁၈) ရက်နေ့၊ မွန်းလွဲ (၄း၀၀) နာရီ*

*၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်/အင်ရောင်း)*

*၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။*

၅။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

*မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)*
*ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၈၃၈၈*

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိ စက်မှုသင်တန်းကျောင်း (မုံရွာ) တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် (ဧပြီလမှစက်တင်ဘာလ) ငွေလုံးငွေရင်းအသုံးစရိတ် (ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေပါ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ရှိပါသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| *လုပ်ငန်းတည်နေရာ* | *လုပ်ငန်းအမည်* |
|---|---|
| ***စက်မှုသင်တန်းကျောင်း (မုံရွာ) စစ်ကိုင်းတိုင်းဒေသကြီး*** | ***Main Building အကြီးစားပြုပြင်မွမ်းမံခြင်း ၂၂၀' - ၀" x ၃၈၀' - ၀"*** |

***(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၈. ၄. ၂၀၁၈ ရက်နေ့***

***(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၇. ၅. ၂၀၁၈ ရက်နေ့၊ (၁၆း၀၀) နာရီ***

***(ဂ) တင်ဒါပေးသွင်းရမည့်နေရာ - ညွှန်ကြားရေးမှူးချုပ်ရုံးခန်း စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်***

၂။ စည်းကမ်းချက်များနှင့်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

***သင်တန်းကျောင်းများကြီးကြပ်ရေးဌာန***
***စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃၀)၊ နေပြည်တော်***
***ဖုန်း-၀၆၇-၄၀၅၀၅၁***

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဒိုက်ဦး (ကော်မှုန့်) စက်ရုံအား ကြည့်ရှုစစ်ဆေး

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်လိုက်ပါလျက် ဧပြီလ ၂၁ ရက်နေ့နံနက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး (ကော်မှုန့်) စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင် ပဲခူးတိုင်းဒေသကြီး၊ စက်မှု၊ လျှပ်စစ်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းဝင်း၊ ပဲခူးတိုင်း



ဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Fortune International Limited မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ စက်ရုံပိုင်စိုက်ကွင်းများနှင့် စက်ရုံရှိစက်ပစ္စည်းများအား နိုင်ငံတော်အတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်ရေး၊ ဝန်ထမ်းများသက်သာချောင်ချိရေး၊ မြေပုံ၊ မြေပြင် မှန်ကန်စေရေးအတွက် ပြန်လည်တိုင်းတာရေး၊ စက်ပစ္စည်းများအား အသုံးပြုနိုင်ခြင်းရှိ/ မရှိ စိစစ်၍ စာရင်းပြုစုပြန်လည်တင်ပြရေး၊ နိုင်ငံပိုင်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိအောင်ဆောင်ရွက်ရေးဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံပိုင်စိုက်ကွင်းမြေအခြေအနေနှင့် ဝန်ထမ်းအိမ်ရာများ၊ စက်ရုံအတွင်းရှိစက်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ ❑